**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။ **ဓမ္မပဒ**


# မြဝတီ

နေ့စဉ်

တိုင်းပြည်၏ စာတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm

E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၆၄)

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်နေ့

၂၀၂၄ ခုနှစ်၊ ဇွန် ၂၁ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဟုမ္မလင်းမြို့နယ်၌ ယခုမိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၆၄၂၉၀ စိုက်ပျိုးမည်

**ဟုမ္မလင်း ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်၌ ယခုမိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၆၄၂၉၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက ဟုမ္မလင်းမြို့နယ်၌ စပါးဧက ၆၄၃၁၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ စိုက်ပျိုးခဲ့ရာ စိုက်ပျိုးရာသီပြီးဆုံးချိန်တွင် ဧက ၆၄၁၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုမိုးသီးနှံစိုက်ပျိုးရာသီတွင်လည်း ဟုမ္မလင်းမြို့နယ်၌ စပါးဧက ၆၄၂၉၀ စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ဟုမ္မလင်းမြို့နယ်အတွင်း စပါးဧက ၆၄၀၀၀ ကျော် စိုက်ပျိုးဖို့ **စာမျက်နှာ ၁၅ ကော်လံ ၁ ▶▶|**



**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ**

(စာ - ၁၆ သို့)

**၂၀၂၄ ခုနှစ် ဇွန်လ တတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်**

(စာ - ၂၅ သို့)

## ပြည်ပမှ တင်သွင်းသောကုန်ပစ္စည်းများအား ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမရှိစေရေး ထပ်မံအသိပေးကြေညာ

**နေပြည်တော် ဇွန် ၂၀**

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက်မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေလ ၃၀ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ(၃/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည်။

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုလုပ်ရန်နှင့် ခွင့်ပြုချက်မရရှိဘဲရောက်ရှိပါက အဆိုပါတင်သွင်းသောကုမ္ပဏီများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၈ ရက်တွင် **စာမျက်နှာ ၁၁ ကော်လံ ၁ ■**

## ယခုဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခု၌ ကော်ဖီပျိုးပင်ပေါင်း ရှစ်သိန်းကို အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထား

(စာ - ၃ သို့)

**ဆောင်းပါး**

စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုရှိပါစေ

ညွန့်ဝင်း(နတ်တလင်း) (စာ - ၁၃ သို့)

နှလုံးရောဂါဖြစ်ရခြင်းအကြောင်းရင်း

ကြည်လွင်မြင့်(မုဒြာ) (စာ - ၈ သို့)




## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဇွန် ၂၁ ရက်)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းညီလာခံဂုဏ်ပြုကြိုဆို

မြန်မာ့သမိုင်းကိုပြန်ပြောင်းလေ့လာမိတိုင်း မျိုးဆက်သစ်အတွက် အံ့သြဂုဏ်ယူဖွယ်ကောင်းလှသည့် နိုင်ငံတော်ကြီးသုံးရပ်ပေါ်ထွန်းခဲ့သည်ကိုသိရှိနိုင်သည်။ အဆိုပါနိုင်ငံတော်ကြီးသုံးရပ်မှာ အနော်ရထာမင်းစောဦးဆောင်တည်ထောင်ခဲ့သော ပုဂံခေတ်ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်မင်းတရားကြီး ဦးဆောင်တည်ထောင်ခဲ့သော တောင်ငူခေတ်ဒုတိယမြန်မာနိုင်ငံတော်နှင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ဦးဆောင်တည်ထောင်ခဲ့သော ကုန်းဘောင်ခေတ်တတိယမြန်မာနိုင်ငံတော်တို့ဖြစ်သည်။ ထိုမင်းတရားကြီးသုံးပါးတို့လက်ထက် မြန်မာနိုင်ငံ၏အကျယ်အဝန်းသည် များစွာကျယ်ဝန်းခဲ့ပြီး အင်ပါယာနိုင်ငံတော်အဖြစ် ခံ့ညားထည်ဝါခဲ့သည်။

အရည်အချင်းရှိသော မင်းကောင်းမင်းမြတ်တို့လက်ထက်တွင် နိုင်ငံတော်သည်ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ အရည်အချင်းနည်းပါးသောမင်းတို့လက်ထက်တွင် နိုင်ငံတော်ကာကွယ်ရေးအင်အားချည့်နဲ့ခဲ့သည့်အတွက် သူ့ကျွန်အဖြစ်နှိမ့်ချနစ်ခဲ့ရသည်မှာ မမေ့နိုင်သော နာကြည်းဖွယ်သမိုင်းဖြစ်ရပ်ဆိုးဖြစ်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကိုမတရားစစ်ပွဲ၊ အကြောင်းမဲ့စစ်ပွဲ သုံးကြိမ်ဆင်နွှဲပြီးတိုက်ခိုက်သိမ်းပိုက်ခဲ့သဖြင့် မြန်မာတစ်နိုင်ငံလုံး ၁၈၈၅ ခုနှစ်တွင် ကိုလိုနီနယ်ချဲ့တို့လက်အောက် ကျရောက်ခဲ့သည်။ တပ်မတော်တစ်ရပ်မရှိသည့်အတွက် ကိုလိုနီနိုင်ငံအဖြစ် သက်တမ်းရှည်ကြာခဲ့သည်။ နောက်ဆုံးတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တပ်မတော်တစ်ရပ်ပေါ်ပေါက်လာခဲ့သည်။


မြန်မာတို့တွင် ကိုယ်ပိုင်တပ်မတော်တစ်ရပ်ရှိလာသည့်အတွက် နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲများမှသည် နောက်ဆုံးတွင်လွတ်လပ်သောနိုင်ငံတော်အဖြစ်သို့ရောက်ရှိခဲ့သည်။ တပ်မတော်နှင့် ပြည်သူတို့လက်တွဲကာ လွတ်လပ်ရေးအောင်ပွဲကိုဆင်နွှဲနိုင်ခဲ့ကြသည်။ ဤသို့လွတ်လပ်ရေးရရှိအောင် ဦးစီးဦးဆောင်ပြုတိုက်ပွဲဝင်ခဲ့သည်မှာ တပ်မတော်သားတို့ဖြစ်သည်။ တပ်မတော်တစ်ရပ်ပေါ်ထွန်းလာသည့်အတွက် လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်လာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှုများကို အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့သည်။ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုစနက်ကြောင့် တိုင်းရင်းသားအချို့ အမြင်ကျဉ်းမြောင်းကာလက်နက်စွဲကိုင်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါး အစဉ်ဦးထိပ်ထားကာ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ပိုင်နက်နယ်မြေကို ထိပါးနှောင့်ယှက်လာသူမှန်သမျှ စွမ်းရည်သုံးရပ်ပြည့်ဝစွာ ကာကွယ်ပေးလျက်ရှိသည်။ ပြည်တွင်းရန်သာမက ပြည်ပရန်ကိုလည်း တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။ ပြည်ပကျူးကျော်မှုမှာ ဖဆပလအစိုးရလက်ထက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တရုတ်ဖြူကူမင်တန်တို့သည် တရုတ်ပြည်မကြီးတွင် စစ်ရှုံး၍ မြန်မာနိုင်ငံတွင်းသို့ အင်အားများပြားစွာ ဝင်ရောက်လာခဲ့သည်။ ထို့ကြောင့်တပ်မတော်သည် ၁၉၅၃ ခုနှစ်တွင် "နဂါးနိုင်"စစ်ဆင်ရေးဖြင့် ကူမင်တန်တို့စတင်တိုက်ထုတ်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် "ဘုရင့်နောင်စစ်ဆင်ရေး"အမည်ပြောင်းကာ ကူမင်တန်တို့ကို တိုက်ပွဲပေါင်းများစွာဆင်နွှဲ၍ မြန်မာနိုင်ငံတွင်းမှ အပြီးတိုင်မောင်းထုတ်ခဲ့ရသည်။

ပြည်ပကျူးကျော်မှုများကို အောင်မြင်စွာတိုက်ခိုက်နိုင်ခြင်းနှင့်အတူ ပြည်တွင်းသောင်းကျန်းသူအဖွဲ့များကို တပ်မတော်ကတိုက်ပွဲပေါင်းများစွာဆင်နွှဲကာ အောင်ပွဲခံနိုင်ခဲ့သည်။ ပြည်ပကထောက်ပံ့သွေးထိုးမှုများဖြင့်စုဖွဲ့ထားသော ဗကပသောင်းကျန်းသူများကိုလည်း တပ်မတော်ကအမြစ်ပြတ်သည်အထိ ချေမှုန်းအောင်မြင်ခဲ့သည်။ နိုင်ငံတော်နှင့်တပ်မတော်အတွက် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့ကြသူတို့၏စွမ်းဆောင်မှုကြောင့် မြန်မာနိုင်ငံသည်ကမ္ဘာ့အလယ်တွင် အချုပ်အခြာအာဏာပိုင်ဆိုသည့်နိုင်ငံအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ တပ်မတော်သားတို့သည် အထက်မှပေးအပ်သောအမိန့်နှင့်တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နေကြသူများဖြစ်သည်။

တပ်မတော်သားအဖြစ် တပ်မတော်သို့ဝင်ရောက်စစ်မှုထမ်းကြသူများမှာ မည်သူ၏တိုက်တွန်းချက်မှမပါဘဲ မိမိတို့၏ဆန္ဒအလျောက်ဝင်လာကြသူများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုအကောင်အထည်ဖော်သည့်အခါတွင်လည်း မိမိနိုင်ငံ၊ မိမိကာကွယ်မည်ဟူသောစိတ်ထားဖြင့် စစ်မှုထမ်းဆောင်ရန် ဆန္ဒပြုသူများပြားလှသည်။ ထိုသူများထဲမှ ကျန်းမာရေးဆေးစစ်အောင်မြင်ပြီးသူများကို သင်တန်းများ တက်ရောက်စေခဲ့သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)နှင့်အမှတ်စဉ်(၂)သို့တက်ရောက်နေသူများမှာ ရှေးအစဉ်အလာတပ်မတော်သားကြီးများကဲ့သို့ မိမိနိုင်ငံကို မိမိတို့၏စွမ်းအားဖြင့် ကာကွယ်ကြမည့်သူများဖြစ်သည်။ ၎င်းတို့သည် မြန်မာနိုင်ငံအနှံ့ မိမိတို့တာဝန်ကျရာဌာနများတွင်တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို နောင်တော်တပ်မတော်သားများနည်းတူ ပြည်သူ့စစ်မှုထမ်းပီသစွာ ကာကွယ်စောင့်ရှောက်ပေးကြမည်ဖြစ်သည်။ မီးနာမှသံကောင်းမည်၊ ချွေးထွက်များမှ သွေးထွက်နည်းမည်ဆိုသည့် ဆောင်ပုဒ်များအတိုင်း လေ့ကျင့်သားပြည့်ဝပြီးဖြစ်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ မကြာမီအချိန်တွင် သင်တန်းများပြီးမြောက်ကြတော့မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နောင်တော်တပ်မတော်သားကြီးများကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းများသည်လည်း နိုင်ငံ့တာဝန်ကျေပွန်မည့်သူများအဖြစ် တွေ့မြင်ရတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။




**နေပြည်တော် ဇွန် ၂၀**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့ လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၂၁-၆-၂၀၂၄(သောကြာနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၅ ဓမ္မပူဇာတေး
၃။ ၇း၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၅။ ၉း၃၅ Soft Skill
၆။ ၁၀း၅၀ ကျန်းမာသုတ
၇။ ၁၁း၂၀ အတွေးအမြင်
၈။ ၁၁း၄၀ Sport Review
၉။ ၁၆း၁၅ မျိုးချစ်တပ်မတော်
၁၀။ ၁၆း၄၅ သီချင်းလက်ဆောင်
၁၁။ ၁၈း၁၅ အတွေးအမြင်
၁၂။ ၁၈း၄၅ Sharing Knowledge
၁၃။ ၁၉း၀၀ **(၃၈)ဖြာမင်္ဂလာ**

**MWD Variety Channel**

၁။ ၁၀း၄၅ လူငယ်ရှေ့ရေး အတွေးကမ္ဘာ
၂။ ၁၁း၄၆ Countries of the world
၃။ ၁၂း၂၂ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၄။ ၁၃း၃၀ ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း
၅။ ၁၄း၁၃ နွေနှောင်းလို့မိုးကျ နယုန်လ
၆။ ၁၈း၃၇ Wishes For You
၇။ ၂၁း၄၀ အပြည်ပြည်ဆိုင်ရာယောဂနေ့


မြဝတီ နေ့စဉ် The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

တနင်္သာရီ၊ စိုက်ပျိုးရေး

## ယခုဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခု၌ ကော်ဖီပျိုးပင်ပေါင်း ရှစ်သိန်းကို အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထား



ယခုဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်း ခရိုင်နှင့် ဘုတ်ပြင်းခရိုင်တို့၌ ကော်ဖီပျိုးပင်ပေါင်း ရှစ်သိန်းကို အခမဲ့ဖြန့်ဝေပေးရန်စီစဉ်ထားကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းစိုး၏ပြောပြချက်အရ သိရသည်။

ထိုသို့ ဖြန့်ဝေပေးရာတွင် ကော်ဖီစိုက်တောင်သူ များအား တစ်ဧကလျှင် ပျမ်းမျှအားဖြင့် ကော်ဖီပျိုးပင် ၄၀၀ နှုန်း အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ပြီး လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကော်ဖီစိုက်ဧက ပေါင်း ၁၀၀၀ ကျော်ရှိရာ ယခုကဲ့သို့ ကော်ဖီပျိုးပင် များ ဖြန့်ဝေပေးခြင်းဖြင့် ကော်ဖီစိုက်ဧကပေါင်း ၂၀၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

"ကော်ဖီပျိုးပင် ဖြန့်ဝေတဲ့အခါ ထားဝယ်ခရိုင်မှာ ပျိုးပင် ၃၅၂၀၀၀၊ မြိတ်ခရိုင်မှာ ၂၇၈၀၀၀၊ ကော့သောင်းခရိုင်မှာ ၈၀၀၀၀ နဲ့ ဘုတ်ပြင်းခရိုင်မှာ ၉၀၀၀၀ စုစုပေါင်းကော်ဖီပျိုးပင် ရှစ်သိန်းကို အခမဲ့ ဖြန့်ဝေပေးသွားပါမယ်"ဟု ဦးသိန်းစိုးကပြောသည်။

အဓိကအားဖြင့် မြန်မာနိုင်ငံ၌ အာရေဗီးကား ကုန်းမြင့်ကော်ဖီနှင့် ရိုဘတ်စတာမြေနိမ့်ကော်ဖီမျိုးတို့ ကို စိုက်ပျိုးကြသည့်အနက် တနင်္သာရီတိုင်းဒေသကြီး ၌ ရိုဘတ်စတာမြေနိမ့်ကော်ဖီပင်များသာ စိုက်ပျိုး နိုင်သည့်အတွက် အဆိုပါကော်ဖီပျိုးပင်များကို ဖြန့်ဝေ ပေးရန် စီစဉ်ထားကြောင်း၊ လက်ရှိ တနင်္သာရီတိုင်း ဒေသကြီးအတွင်း ကော်ဖီစိုက်ဧကပေါင်း ၁၁၄၈ ဧကခန့်ရှိပြီး ယခုကဲ့သို့ ကော်ဖီပျိုးပင်များ ဖြန့်ဝေပေး ခြင်းဖြင့် ကော်ဖီစိုက်ဧကပေါင်း ၂၆၇၄ ဧကခန့်အထိ တိုးမြင့်လာကာ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာစေရန် ရည်မှန်းထား ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကလည်း တိုင်းဒေသ ကြီးအတွင်း ကော်ဖီပျိုးပင်ပေါင်း လေးသိန်းကျော်ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဆောင်းဦး**

ရန်ကုန်၊ စီမံလန်းစိုပြည်ရေး

## One Tourist One Tree အစီအစဉ်ကို ဇူလိုင်လမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်

နိုင်ငံခြားခရီးသွားဧည့်သည်များ မြန်မာ နိုင်ငံသို့ လာရောက်လည်ပတ်သည့်အခါ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးနိုင်စေရန် One Tourist One Tree အစီအစဉ်ကို ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာနနှင့် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့ပူးပေါင်းပြီး ဇူလိုင်လမှ စတင်အကောင်အထည်ဖော် ဆောင်ရွက် မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာ ရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဦးဇေယျာမျိုးအောင်၏ ပြောဆိုချက် အရ သိရသည်။

အဆိုပါ One Tourist One Tree အစီအစဉ်ကို ဇူလိုင်လမှ နိုဝင်ဘာလအထိ ဆောင်ရွက်ရန် စီစဉ်ထားပြီး ရှေးဦးစွာ ပြည်တွင်းရှိ ခရီးစဉ်ဒေသများဖြစ်သော နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ငွေဆောင်နှင့်ချောင်းသာ စသည့်ဒေသ များ၌ စတင်ဆောင်ရွက်ရန် သက်ဆိုင်ရာ ဌာနများ ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

"အခုဆိုရင် ကမ္ဘာကြီးက ပူနွေးလာ တယ်။ ဒါတွေကို ပြည်တွင်းမှာရှိတဲ့ ပြည်သူလူထုရော နိုင်ငံတကာက ခရီးသွား ဧည့်သည်တွေပါ အလေးအနက်သတိထားမိ စေပြီးတော့ သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးကို တစ်ဖက်တစ်လမ်းကနေ ပါဝင်ဆောင်ရွက်နိုင်စေဖို့အတွက် One Tourist One Tree အစီအစဉ်ကို ဆောင်ရွက်ဖို့ စီစဉ်တာဖြစ်ပါတယ်" ဟု ဦးဇေယျာမျိုးအောင်ကပြောသည်။

ယင်းအစီအစဉ် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၌ တာဝန်သိခရီးသွားလုပ်ငန်း ဖော်ဆောင်နေမှု၊ ခရီးသွားလုပ်ငန်း နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်နေမှု တို့ကို နိုင်ငံတကာမှ သိရှိလာစေရန်၊ နိုင်ငံခြားခရီးသွားဧည့်သည်များအနေဖြင့် ၎င်းတို့သွားရောက်လည်ပတ်သောဒေသ များတွင် ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားလာ စေရေး၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်း စိုပြည်စေရေးတို့အတွက် အကျိုးပြုလုပ်ငန်း အတွေ့အကြုံများ ရရှိခံစားနိုင်စေရန် ရည်မှန်းထားကြောင်း သိရသည်။

အဆိုပါ One Tourist One Tree အစီအစဉ်ဖော်ဆောင်ရာတွင် အဖွဲ့လိုက် လာရောက်ကြသော နိုင်ငံခြားခရီးသွား ဧည့်သည်များ၊ ခရီးသွားကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး လာရောက်ကြသော ခရီး သွားဧည့်သည်များကို ၎င်းတို့သွားရောက် မည့် ခရီးစဉ်ဒေသများတွင် သစ်ပင်စိုက်ပျိုး နိုင်ကြောင်း အသိပေးစည်းရုံးမည့်အပြင် တစ်ဦးချင်းစီ လာရောက်လည်ပတ်သော နိုင်ငံခြားခရီးသွားဧည့်သည်များကိုလည်း ၎င်းတို့ဆန္ဒအလျောက် One Tourist One Tree အစီအစဉ်တွင်ပါဝင်ကာ သစ်ပင် စိုက်ပျိုးလိုပါက သက်ဆိုင်ရာမှ လိုအပ် သည်များ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း သိရသည်။ **ဆောင်းဦး**

ပဲခူး၊ လူမှုရေး

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး၌ ပညာသင်ထောက်ပံ့ပစ္စည်းများနှင့် ပညာရည်ချွန်ဆုပေးအပ်ခြင်းအခမ်းအနားကျင်းပ

ပဲခူးမြို့ရှိ တိုင်းဒေသကြီးတရားလွှတ် တော်ရုံး အစည်းအဝေးခန်းမ၌ ဇွန်လ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ် တော်နှင့် ခရိုင်၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ အရာထမ်း၊ အမှုထမ်း များ၏ သား၊ သမီးများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ ပစ္စည်းများပေးအပ်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆု ပေးအပ်ခြင်းအခမ်းအနားကျင်းပရာ တိုင်း ဒေသကြီး တရားလွှတ်တော်တရားသူကြီး ချုပ် ဒေါ်လွင်လွင်အေးကျော် တက်ရောက် ချီးမြှင့်ပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူခြောက်ဦးအား တိုင်းဒေသကြီးတရားလွှတ်တော်တရားသူ ကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က ဂုဏ်ပြု ဆုများပေးအပ်သည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ပညာသင် နှစ် အခြေခံပညာအထက်တန်း၊ အလယ် တန်း၊ မူလတန်းတို့တွင် ပညာသင်ကြားနေ သည့် ဝန်ထမ်းသား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ် သည်။

ထို့နောက် ဂုဏ်ပြုဆုချီးမြှင့်ခံရသူများ ကိုယ်စား လေးဘာသာဂုဏ်ထူးရှင်က လည်းကောင်း၊ ပညာသင်ထောက်ပံ့ပစ္စည်း များပေးအပ်ခြင်းအတွက် မိဘဝန်ထမ်း တစ်ဦးကလည်းကောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများ မှ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်း များ၏ သား၊ သမီးများအနက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ ရိုးရိုး အောင်မြင်သူ သုံးဦးရှိပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့တွင် ပညာသင် ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ ၁၃၂ ဦးတို့အတွက် ငွေကျပ် ၂၆ သိန်း တန်ဖိုး ရှိ ပညာသင်ထောက်ပံ့ပစ္စည်းများပေးအပ် ခဲ့ကြောင်း သိရသည်။ **(၄၀၁)၊တင်စိုး(ပဲခူး)**



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

> "ရေအသုံးချမှုလုပ်ငန်းတစ်ခုဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများအနက် ဘီလူးချောင်းစီမံကိန်း အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၃) စုစုပေါင်းသုံးဆင့်နှင့် မိုးဗြဲဆည်တို့ကို မည်သို့အကောင်အထည်ဖော်ထားသည်၊ မည်ကဲ့သို့ ပုံစံထုတ်ဆောင်ရွက်ထားသည် စသည်တို့မှာလည်း ဘာသာရပ်ဆိုင်ရာဆက်စပ်နေသူများ လေ့လာသင့်သည့်လုပ်ငန်းဖြစ်သည်. . ."

**ယမန်နေ့မှအဆက်**

ကမ္ဘာပေါ်တွင် ရေလှောင်ကန်၊ ရေလှောင်တမံကြီးများကို ပထမကမ္ဘာစစ်အပြီး ၁၉၁၈ ခုနှစ်မှစတင်၍ အလုံးအရင်းဖြင့် တည်ဆောက်ခဲ့ကြသည်။ ၎င်းတို့သည် ပြည်သူ့အကျိုးစီးပွားကိုမြှင့်တင်ပေးခဲ့သည်။ သို့သော် မြန်မာနိုင်ငံသို့ ကျူးကျော်သိမ်းပိုက်ခဲ့သည့် ကိုလိုနီနယ်ချဲ့တို့သည် ရေချိုရရှိရေး ကြီးမားသောရင်းနှီးမြှုပ်နှံမှုများ မိမိတို့နိုင်ငံတွင် မပြုလုပ်ခဲ့ကြပါ။ ဆူလွယ်နပ်လွယ်၊ ရေနံတူးဖော်ထုတ်လုပ်ခြင်း၊ သစ်ခုတ်ခြင်း၊ ကျောက်သံပတ္တမြားတူးဖော်ခြင်း အစရှိသည့် အချိန်တိုအတွင်း အကျိုးကျေးဇူးများများရစေမည့်အလုပ်များကိုသာ လုပ်ဆောင်ခဲ့ကြသည်။ နယ်ချဲ့တို့နှစ် ၁၀၀ ကျော် အုပ်ချုပ်မင်းလုပ်သွားခဲ့သောကာလအတွင်းတွင် ဖြစ်နိုင်ခြေရှိသောရေအရင်းအမြစ်များကို စူးစမ်းလေ့လာ၍ အစီရင်ခံစာတစ်စောင်ကို လျှို့ဝှက်ရေးသားထားခဲ့သော်လည်း ဗြိတိသျှများစစ်ပြေးသည့်အခါ တစ်ပါတည်းယူသွားခဲ့ကြသည်။

ခေတ်အလိုက်ဆောင်ရွက်ခဲ့ကြသော ပြန်လည်ပြည့်ဖြိုးမြဲရေချိုအသုံးပြုနိုင်ရေးလုပ်ငန်းကြီးများနှင့် အကျိုးပြုပမာဏများကို လေ့လာကြည့်ပါမည်။

**ရှေးမြန်မာမင်းများလက်ထက် ပြန်လည်ပြည့်ဖြိုးမြဲရေအသုံးချမှုများ**

ရှေးမြန်မာမင်းများလက်ထက် ဆောင်ရွက်ခဲ့သော ရေရရှိရေးလုပ်ငန်းကြီးများကို အောက်ပါအတိုင်း တွေ့ရသည်။

**ရှေးမြန်မာမင်းများကြီးပမ်းခဲ့သည့် ဆည်၊ ရေလွှဲဆည်နှင့်ရေချိုရရှိရေးလုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | တည်နေရာ (မြို့) | ရေလှောင်ပမာဏ (ဧကပေ) | အကျိုးပြုဧရိယာ (ဧက) |
|---|---|---|---|---|
| ၁။ | မဟာနန္ဒာကန် | ရွှေဘို | ၁၁၁၂ | ၉၃၆၉ |
| ၂။ | မိတ္ထီလာကန် | ဝမ်းတွင်း၊ သာစည် | ၁၁၆၆၀ | ၄၅၇၇၆ |
| ၃။ | ညောင်ရမ်းမင်းလှကန် | သာစည် | ၁၉၁၀၄ | ၂၇၄၅၅ |
| ၄။ | တောင်ကန်ကျောက်ဆည်ကန် | ပုသိမ်ကြီး၊ မတ္တရာ | ၁၆၆၈ | ၃၇၉၇ |
| ၅။ | မူးတူမြောင်းဟောင်း | ခင်ဦး | - | ၁၀၁၃၁ |
| ၆။ | အိုင်းမရေလွှဲဆည် | စကု၊ ပွင့်ဖြူ | - | ၂၅၅၀၀ |
| ၇။ | မဲဇလီရေလွှဲဆည် | စကု၊ ပွင့်ဖြူ၊ စလင်း | - | ၉၆၇၇၇ |
| ၈။ | လင်းဇင်းရေလွှဲဆည် | ပွင့်ဖြူ၊ စလင်း | - | ၂၈၄၃၁ |
| ၉။ | ဇော်ဂျီမြစ်အသုံးချရေးလုပ်ငန်းများ | ကျောက်ဆည်၊ စဉ့်ကိုင် | - | ၉၃၄၆၈ |
| ၁၀။ | ပန်းလောင်မြစ်အသုံးချရေးလုပ်ငန်းများ | ကျောက်ဆည်၊ မြစ်သား- | | ၈၆၃၀၀ |

မြန်မာမင်းများသည် စွမ်းနိုင်သမျှ အပူပိုင်းဒေသများ သောက်သုံးရေရရှိရေးနှင့် စားဝတ်နေရေးအဆင်ပြေစေရေးကို အားထည့်ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါဒေသများမှာ တခြားသော ရေရှားဒေသများထက် များစွာဖွံ့ဖြိုးတိုးတက်နေသည်ကို ယနေ့ထိတွေ့ရပေမည်။ ဤကာလအတွင်း အဓိကလုပ်ငန်းကြီးများ ဆောင်ရွက်ခဲ့ရာတွင် အကျိုးပြုဧရိယာ အနည်းဆုံးဧက ၃၈၅၀၀၀ ခန့်ထိ ရှိခဲ့သည်။

**ကိုလိုနီနယ်ချဲ့လက်ထက် ရေရရှိရေးစီမံမှု**

မြန်မာနိုင်ငံအောက်ပိုင်းကို ၁၈၂၄ ခုနှစ်မှစ၍ ကိုလိုနီနယ်ချဲ့တို့သိမ်းပိုက်သည်မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့်အချိန်ထိ နှစ်ပေါင်း ၁၂၀ ကျော်အတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို ဖော်ပြပါမည်။

**ကိုလိုနီခေတ် ရေရရှိရေးဆောင်ရွက်မှုများ**

| စဉ် | လုပ်ငန်းအမည် | တည်နေရာ (မြို့) | ရေလှောင်ပမာဏ (ဧကပေ) | အကျိုးပြုဧရိယာ (ဧက) |
|---|---|---|---|---|
| ၁။ | ရေဦးတူးမြောင်း(ကာဘိုးဆည်)အရာတော် | | - | ၁၂၈၉၀၀ |
| ၂။ | ရွှေဘိုတူးမြောင်း | ရွှေဘို၊ ခင်ဦး၊ ဝက်လက် | - | ၂၂၉၈၁၅ |
| ၃။ | ထုံးဘိုဆည် | အမရပူရ၊ ပုသိမ်ကြီး | - | ၂၆၉၈၄ |
| ၄။ | အင်းယင်းဆည် | ဝမ်းတွင်း | - | ၇၆၃၆ |
| ၅။ | ကျောက်ဆည်ကန် | ရမည်းသင်း | ၆၂၅၀ | ၇၉၇၇ |
| ၆။ | ကန်နားကန် | နွားထိုးကြီး | ၄၆၅၈ | ၅၈၆၄ |
| ၇။ | ယင်းတော်ကန် | ပျော်ဘွယ် | ၅၄၂ | ၃၆၅၅ |
| ၈။ | ဆင်အုံကန် | လယ်ဝေး | ၃၈၅၄ | ၅၈၃၄ |

ထိုကာလအတွင်း အပူပိုင်းဒေသတွင် ဆောင်ရွက်ခဲ့မှုများအနက် ထူးထူးခြားခြားမှတ်တမ်းတင်ရမည်မှာ ကာဘိုးရေလွှဲဆည်ပင်ဖြစ်ပါသည်။ မူးမြစ်ကိုဖြတ်၍ အလျား ၄၅၅ ပေ၊ အမြင့် ၈ ပေ ခန့်ရှိသောရေတားရေကျော်တစ်ခုပြုလုပ်ခဲ့သည်။ ရေလွှဲရုံသာဖြစ်သည်။ ရေဦးတူးမြောင်းနှင့် ရွှေဘိုတူးမြောင်းဟူ၍ တူးမြောင်းမကြီးနှစ်ခုဖြင့် ရေပေးဝေရေးစီမံခဲ့သည်။ ဒေသအတွက် အကျိုးပြုဧကမှာ သုံးသိန်းခွဲကျော်ခဲ့သည်။

ဤကာလအတွင်း အဓိကလုပ်ငန်းကြီး ၈ ခု ဆောင်ရွက်ခဲ့ရာတွင် စုစုပေါင်းအကျိုးပြုဧရိယာ ဧက ၄ သိန်းခန့်ရှိခဲ့သည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် တည်ဆောက်စေကာမူ ဆောင်ရွက်သွားသည့် ဆည်မြောင်းလုပ်ငန်းများ၏ ရေရှည်နှစ်ပေါင်းရာကျော်ထိ မပျက်မစီး ကြံ့ခိုင်ကောင်းမွန်နေခြင်းကိုမူ မှတ်တမ်းတင်သင့်သည်။

ရေအသုံးချမှုလုပ်ငန်းတစ်ခုဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများအနက် ဘီလူးချောင်းစီမံကိန်း အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၃) စုစုပေါင်းသုံးဆင့်နှင့် မိုးဗြဲဆည်တို့ကို မည်သို့အကောင်အထည်ဖော်ထားသည်၊ မည်ကဲ့သို့ ပုံစံထုတ်ဆောင်ရွက်ထားသည် စသည်တို့မှာလည်း ဘာသာရပ်ဆိုင်ရာဆက်စပ်နေသူများ လေ့လာသင့်သည့်လုပ်ငန်းဖြစ်သည်။

ရှေ့အခန်းများတွင်ဖော်ပြခဲ့သော ရန်ကုန်မြို့တော် ရေချိုလုံလောက်စွာရရှိရေး၊ ရရှိနိုင်မည့်အရင်းအမြစ်များကို မည်သို့မည်ပုံ ပြည်သူများလက်ထဲအရောက်ပို့ပေးမည်ဆိုသည့် လုပ်ငန်းစဉ်ကြီးကိုလည်း လေ့လာသင့်သည်။

အလားတူပင် တရုတ်နိုင်ငံ ပေကျင်းမြို့၊ တီယန်ကျန်းမြို့အပါအဝင် မြောက်ပိုင်းနေ သန်းပေါင်းများစွာသောပြည်သူများအတွက် မည်ကဲ့သို့ မြစ်ကြောင်းများမှ ရေလွှဲပြောင်းယူခဲ့သည်၊ အခက်အခဲများကို မည်သို့ကျော်လွှားခဲ့သည်ဆိုသော စီမံချက်များမှာလည်း လေးစားစရာပင်။ တရုတ်တို့ မည်ကဲ့သို့ နှစ် ၄၀ ခန့်အတွင်း ထိပ်တန်းရောက်လာပါသနည်း ဟုမေးလျှင် ခေါင်းဆောင်သူများနှင့် နောက်ပါများအပါအဝင် ပြည်သူများ ညီညွတ်၍ အောင်မြင်ခြင်းဖြစ်သည်မှာ ငြင်း၍မရပေ။

အဆိုပါလုပ်ငန်းကြီးများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရသူများသည်လည်း နောင်တွင် မှန်ကန်သောဦးဆောင်မှုပေးနိုင်သူခေါင်းဆောင်များဖြစ်လာကြသည်ကိုလည်း တွေ့ရသည်။

ကမ္ဘာ့အကြီးဆုံးတမံဟု ထင်ရှားခဲ့သည့် ယန်ဇီမြစ်ပေါ်မှ မြစ်ကျဉ်းသုံးသွယ်တမံ( Three Gorges Dam ) တွင်ဦးဆောင်သူ စီမံကိန်းညွှန်ကြားရေးမှူးမှာ တရုတ်နိုင်ငံသားပညာရှင်ဖြစ်သည်။ သူ့နေရာနှင့်သူ အကြံပေးများခန့်ထားခြင်းမှာ တစ်ပိုင်းဖြစ်သည်။ နိုင်ငံခြားသားလက်ထဲသို့ ဝကွက်အပ်ပြီး ဆောင်ရွက်သွားခြင်းမဟုတ်သည်ကတော့ သေချာသည်။

အလားတူပင် အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့ ရေရရှိရေးအတွက် ကိုလိုရာဒိုမြစ်မှ ရေလွှဲယူခြင်းအပါအဝင် ကိုလံဘီယာမြစ်နှင့် လက်တက်မြစ်များပေါ်တွင် ရာချီသော ရေအသုံးချမှုစီမံကိန်းများ တည်ဆောက်စဉ်က စဉ်းစားဆောင်ရွက်ခဲ့မှုများကို လေ့လာပြီး အားနည်းချက်၊ အားသာချက်များကို စာတမ်းပြုစုရုံဖြင့် သေချာပေါက်ပါရဂူဘွဲ့ရရှိနိုင်သည်။

အမေရိကန်တွင် အဆိုပါဒေသများသည် ပူပြင်းခြောက်သွေ့သည်။ မြစ်များသည် နက်ရှိုင်းသောချောက်များကို ဖြတ်၍စီးဆင်းနေသည်။ မိုးရွာချိန် ရေစီးသန်ပြီး ဒုက္ခပေးတတ်သည်။ ဆီးနှင်းများလည်း ထူထပ်စွာကျရောက်တတ်သောဒေသဖြစ်သည်။ ၎င်းဒေသအပါအဝင် အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ် မိုးရွာသွန်းမှု ပျမ်းမျှ ၃၀ လက်မ (၇၅၀ မီလီမီတာခန့်)သာ ရွာသွန်းသည်။ မည်ကဲ့သို့ စီမံခဲ့ကြသနည်း၊ လေ့လာသင့်သည်။

သဲကန္တာရကြီးကိုပါ စိမ်းလန်းသွားအောင် ဆောင်ရွက်နေသော အစ္စရေး၏ စိုက်ပျိုးရေး၊ ရေချွေတာရေး၊ စိမ်းလန်းစိုပြည်ရေး အားလုံးမှာလည်း မိမိတို့အတွက် လက်တစ်ကမ်းမှ သင်ခန်းစာများပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း အလားတူပင် ကြီးမားသောရေလှောင်တမံနှင့် ရေသွယ်မြောင်းလုပ်ငန်းကြီးများ၏ အစဖြစ်သော ကင်းတား၊ ဆည်တော်ကြီး၊ သဖန်းဆိပ်၊ ကြီးအုံကြီးဝ၊ ခပေါင်းချောင်း၊ ဖြူးချောင်း၊ ပေါင်းလောင်း အစရှိသည့် ဆည်မြောင်းလုပ်ငန်းကြီးတစ်ခုချင်းစီတွင်လည်း ပညာရပ်များစုံလင်လှသည်။

အလားတူပင် ရေအားလျှပ်စစ်ကဏ္ဍတွင်လည်း ဘီလူးချောင်းစီမံကိန်းများ၊ မိုးဗြဲဆည်၊ ရဲရွာ၊ ကွန်းချောင်း၊ ဖြူးချောင်း၊ ရွှေကျင်ချောင်း၊ ခပေါင်းချောင်း၊ သူငွေးချောင်း၊ ကျိုင်းတောင်း၊ ပေါင်းလောင်း၊ အထက်ပေါင်းလောင်း၊ ဇောင်းတူ အစရှိသည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများတွင် သူ့နေရာနှင့်သူမတူကွဲပြားသည့် အတွေ့အကြုံများမှာ ပညာယူ၍မကုန်နိုင်ခဲ့ပေ။

ဆက်လက်ဖော်ပြပါမည်။

---

ဗန်းမော်၊ အသိပညာပေး

## ဗန်းမော်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးဆိုင်းဘုတ်စိုက်ထူ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းကို ဇွန်လ ၂၀ ရက်တွင် ပေါက်ကုန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မီးပွိုင့်လမ်းဆုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သတ်မှတ်နေရာများ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ခရိုင်/မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ ဟူသောဆောင်ပုဒ်ပါ ဆိုင်းဘုတ်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနားကို ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဘုန်းမော်မိုး၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မှ သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ကြောင်းနှင့် အခမ်းအနားအပြီးတွင် လမ်းသွားလမ်းလာပြည်သူများအား လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

ရန်ကုန်၊ အသိပညာပေး

# ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားလပ်ချိန်တွင် မိမိတို့ဝါသနာပါရာ အားကစားနည်းတစ်ခုခုကို စနစ်တကျကြိုးစားသင်ယူလေ့ကျင့်ခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန် ရည်ရွယ်၍ တာမွေမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၏စီစဉ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဇွန်လ ၁၉ ရက်က တာမွေမြို့နယ်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင် လူငယ်ကိုယ်စားလှယ် တိုင်းဒေသကြီးအစိုးရအဖွဲ့ နည်းပညာအကြံပေး ဦးဌေးလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီခိုင်က လူငယ်နှင့်ကျန်းမာရေး၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးမျိုးလင်းအောင်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် အသိပညာပေးပြောကြားသည်။ ထို့နောက် တာမွေမြို့နယ်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းသို့ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှလှူဒါန်းသော အားကစားပစ္စည်းများကို တိုင်းဒေသကြီး လူငယ်ရေးရာတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချိုတူးက ပေးအပ်ရာ တာဝန်ခံကျောင်းအုပ်ဆရာမ ဒေါ်ခင်ဆွေဝင်းမြတ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော လူငယ်ရေးရာအသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**



မြောင်းမြ၊ လူမှုရေး


# မြောင်းမြမြို့၌ ဓမ္မစကူးလ်မူလတန်းဆရာဖြစ်သင်တန်းဆင်းပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ မြို့ကျက်သရေဆောင်သာသနာ့ဗိမာန်တော်ကြီး၌ ဓမ္မစကူးလ်မူလတန်းဆရာဖြစ်သင်တန်းဆင်းပွဲကို ဇွန်လ ၁၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မြောင်းမြမြို့ ဇေယျမေဒနီစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒဝရမဟာထေရ်မြတ်ကြီးက ဩဝါဒကထာမြွက်ကြားပြီး မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးက သင်ကြားပို့ချပေးခဲ့သော ဆရာ၊ ဆရာမများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် မြောင်းမြမြို့နယ် ဓမ္မစကူးလ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ချမ်းမြေ့ဆရာတော် ဘဒ္ဒန္တခေမိန္ဒဆရာတော်ဘုရားကြီးက သင်တန်းသား၊ သင်တန်းသူများအား အမှာစကားမြွက်ကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းဆရာ၊ ဆရာမခြောက်ဦးတို့က သင်တန်းသား၊ သင်တန်းသူ ၆၄ ဦးတို့အား ဇွန်လ ၁၅ ရက်မှ ၁၉ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ဧယျာ(ပြန်/ဆက်)**




ပွင့်ဖြူ၊ စိုက်ပျိုးရေး

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၃၁၉ ဧက လျာထားစိုက်ပျိုး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရန် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေကိုအမှီပြု၍ တစ်မြို့နယ်လုံး၌ ဖူးစားပြောင်း ၁၃၁၉ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် ဖူးစားပြောင်း ၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၁၃၁၉ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး ဒေသခံတောင်သူများက ဇွန်လအတွင်း ရွာသွန်းခဲ့သည့်မိုးဖြင့် ဖူးစားပြောင်း စတင်စိုက်ပျိုးရာ လက်ရှိတွင် ဖူးစားပြောင်း ၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက ဒေသခံတောင်သူတွေကို တောင်သူအသိပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်နေပါတယ်။ အဓိကက တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့၊ အရည်အသွေးပြည့်ဝတဲ့သီးနှံတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့၊ အထွက်နှုန်းကောင်းဖို့နဲ့ စိုက်နည်းစနစ်မှန်ကန်စေဖို့ သိရှိလိုက်နာရမယ့် အခြေခံစိုက်ပျိုးရေးနည်းစနစ်တွေကို အသိပညာပေးဆောင်ရွက်နေပါတယ်။ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၁၃၁၉ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပြီး ဖူးစားပြောင်း ၁၃ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်။ ပွင့်ဖြူမြို့နယ်မှာ ဖူးစားပြောင်းစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် ဒေသခံတောင်သူတွေက မိုးသီးနှံစိုက်ပျိုးရာသီမှာ နှစ်စဉ်စိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေဖူလုံသည့်အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်ကြကြောင်း၊ ထိုသို့ သီးနှံများစိုက်ပျိုးရာတွင် တောင်သူတစ်ဦးချင်းအလိုက် တစ်ဧက သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သီးနှံအမျိုးအစားအလိုက် သိရှိလိုက်နာရမည့်စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

သရက်၊ သက်မွေးပညာ

# သရက်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်း

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကို ဇွန်လ ၁၉ ရက်က သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းက သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများ အနေဖြင့် သင်တန်းမှသင်ခန်းစာများကို လက်တွေ့အသုံးချပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်သည်အထိ ကြိုးစားကြရန် ပြောကြားသည်။

ဆက်လက်၍ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးအောင်သူရမင်းက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး တာဝန်ရှိသူများက ဆုရရှိသည့်သင်တန်းသားများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သရက်မြို့နယ်အတွင်းရှိ ကျေးရွာရပ်ရွာမှ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။ **ဆက်လူ**

နေပြည်တော် ဇွန် ၂၀

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေး (၂၀၂၄) ကျင်းပ



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေး (၂၀၂၄)ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်နှင့် နေပြည်တော်မှ ဗဟိုကောင်စီဝင်များ၊ ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ဗဟိုကောင်စီဝင်များက Online စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)က အစည်းအဝေးကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥပဒေနှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ ပုံမှန်ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ဒို့တာဝန်အရေးသုံးပါးနှင့် တိုင်းရင်းသားပြည်သူများ၏လူမှုရေး၊ စီးပွားရေးတန်းတူပြိုင်တူ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ရန် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏အရန်အင်အားအဖြစ် တာဝန်သိသိဖြင့်ဆောင်ရွက်ရန် ဆိုသည့်ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထောက်ပံ့ရေးအပိုင်းတွင် ပုံမှန်ထောက်ပံ့မှုများအပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ အသက် ၈၀ နှစ်ပြည့်နှင့်အထက်အဖွဲ့ဝင် ၄၈၂၃ ဦးကို တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်း၊ အသက် ၉၀ နှစ်နှင့်အထက်အဖွဲ့ဝင် ၄၁၈ ဦးတို့အတွက်တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ အသက် ၁၀၀ နှစ်နှင့်အထက်အဖွဲ့ဝင် ၁၀ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းငါးသောင်းနှုန်းဖြင့် တိုးမြှင့်ထောက်ပံ့နိုင်ခဲ့ကြောင်း၊ ယနေ့ကျင်းပသည့်အစည်းအဝေးတွင် ဗဟိုကောင်စီဝင်များက မိမိတို့၏ဆောင်ရွက်ချက်များ၊ ဆွေးနွေးတင်ပြလိုသည့်အချက်များ၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းသုံးသပ်တင်ပြပေးရန် မှာကြားခဲ့သည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ်ကာလအတွက် ဗဟိုအမှုဆောင်အဖွဲ့အစီရင်ခံစာ အနှစ်ချုပ်နှင့်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံးဖွဲ့စည်းပုံပြင်ဆင်ခြင်းများကို ဗဟိုအမှုဆောင်အဖွဲ့အတွင်းရေးမှူးကလည်းကောင်း၊ လုပ်ငန်းအဖွဲ့များအလိုက် တင်ပြချက်၊ သုံးသပ်ချက်များကို လုပ်ငန်းအဖွဲ့အတွင်းရေးမှူးများကလည်းကောင်းရှင်းလင်းတင်ပြပြီး ဗဟိုအမှုဆောင်အဖွဲ့ဘဏ္ဍာရေးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရသုံးမှန်းခြေငွေစာရင်းကိုတင်ပြ အတည်ပြုခြင်းဆောင်ရွက်သည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်များမှ ဗဟိုကောင်စီဝင်များနှင့် ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများက ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများအား Online စနစ်ဖြင့်ဖတ်ကြားတင်ပြခဲ့ရာ ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ဗဟိုအမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များတွင် လစ်လပ်တာဝန်နေရာများကို အစားထိုးခန့်အပ်ခြင်း၊ ဗဟိုအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ဗဟိုဌာနချုပ်ရုံးဖွဲ့စည်းပုံနှင့် ဘဏ္ဍာရေးအစီရင်ခံစာများအား အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများဆောင်ရွက်ခဲ့ကြပြီး သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၂၀

# ၂၀၂၄ ခုနှစ် ဥပဒေရေးရာဝန်ကြီးဌာန၏ ငါးမျိုးစိတ်စိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ



၂၀၂၄ ခုနှစ် ဥပဒေရေးရာဝန်ကြီးဌာန၏ ငါးမျိုးစိတ်စိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များသည် ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၃၀၀၀ ကို ဥပဒေရေးရာဝန်ကြီးဌာန၏ရုံးအဝင်လမ်းရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း၌ ဆက်လက်ကျင်းပရာ သတ်မှတ်နေရာများ၌ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က တရုတ်စကားပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက တရုတ်စကားပင်၊ ငုံ၊ အာဆီယံသပြေနှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်တို့သည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အရာထမ်း၊ အမှုထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယခုနှစ် ဥပဒေရေးရာဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တရုတ်စကားပင်၊ ငုံ၊ အာဆီယံသပြေနှင့် ကံ့ကော် အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇွန် ၂၀

# ပြည်တွင်းမွေးမြူရေးအစာအတွက် ဆီကြိတ်ဖတ်လိုအပ်ချက်ကို ပြည်တွင်းဆီစက်များမှဖူလုံစွာဖြည့်ဆည်းပေးနိုင်ရေး ပူးပေါင်းကြိုးပမ်း




မွေးမြူရေး အစာကုန်ကြမ်းများမှ အသားဓာတ်အရင်းအမြစ်အဖြစ် သုံးစွဲသည့် ပဲပုပ်ဖတ်များကို ပြည်ပမှတင်သွင်းမှုကို နှစ်အလိုက် လျှော့ချသွားနိုင်ရန်နှင့် ပြည်တွင်း၌ ထုတ်လုပ်သည့် ပဲပုပ်ဆီကြိတ်ဖတ်များကို အစားထိုးသုံးစွဲနိုင်ရေးအတွက် မွေးမြူရေးအစာ ပဲပုပ်ဆီကြိတ်ဖတ် လိုအပ်ချက်ဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော် ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း၊ ပြည်တွင်းဆီစက်လုပ်ငန်းရှင်များ၊ မွေးမြူရေးအစာစပ်စက်ရုံများ၊ မွေးမြူရေးအစာ ကုန်ကြမ်းတင်သွင်းမည့်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တိရစ္ဆာန်အစာအဖြစ် ပြည်ပမှပဲပုပ်ဖတ်တင်သွင်းမှုကို လျှော့ချနိုင်ရန်အတွက် ပြည်တွင်း၌ မိမိတို့ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးဧကတိုးတက်လာမှုနှင့် ဆီကြိတ်ဖတ်ထုတ်လုပ်နိုင်မှုပမာဏ အာမခံချက်ရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဆီကြိတ်ဖတ်များ၏ အရည်အသွေးစံသတ်မှတ်နှုန်းများထားရှိလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိရစ္ဆာန်အစာအဖြစ် နှစ်အလိုက် ဆီကြိတ်ဖတ်ထုတ်လုပ်နိုင်မှု၊ ပဲပုပ်ဖတ်တင်သွင်းလျှော့ချမည့်ပမာဏ၊ မွေးမြူရေးအစာကုန်ကြမ်းများကို ပြည်တွင်း၌ လိုအပ်သည့်ပမာဏရရှိအောင် လုံလောက်စွာထုတ်လုပ်ပြီး ပြည်ပမှတင်သွင်းသည့် အစာကုန်ကြမ်းများနှင့် အရည်အသွေး၊ ဈေးနှုန်းတို့တွင် ယှဉ်ပြိုင်နိုင်မှုရှိစေရေးအတွက် အထောက်အကူဖြစ်စေမည့် ရှေ့ဆက်ဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်လာကြသည့် အစုအဖွဲ့များအားလုံးက လွတ်လပ်စွာဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာအသင်းအဖွဲ့တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပဲပုပ်အပါအဝင် ပြည်တွင်း၏ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ဆီကြိတ်ခွဲထုတ်လုပ်မှုအခြေအနေ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် တိရစ္ဆာန်အစာအဖြစ်အသုံးပြုမည့် ဆီကြိတ်ဖတ်များထွက်ရှိလာရန် ဆောင်ရွက်ရမည့်အချက်များ၊ ဆီစက်များအဆင့်မြှင့်တင်ခြင်းနှင့် အဆင့်မြင့်ဆီစက်လုပ်ငန်းများဖွံ့ဖြိုးလာရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးရေးအတွက်အားပေးမြှင့်တင်ရေးနှင့် ပဲပုပ်ဆီဈေးကွက်ဖော်ဆောင်ပေးရန်လိုအပ်ချက်များ၊ ပြည်တွင်းမွေးမြူရေးအစာအတွက် ဆီကြိတ်ဖတ်လိုအပ်ချက်ကို ပြည်တွင်းဆီစက်များမှ ဖူလုံစွာဖြည့်ဆည်းပေးနိုင်ရန် သက်ဆိုင်ရာကဏ္ဍအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ချောင်းဆုံ၊ စိုက်ပျိုးရေး

## ချောင်းဆုံမြို့နယ်၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချခြင်းကွင်းသရုပ်ပြသ



မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် ဒေါင်းရပ်အရှေ့ကျေးရွာကွင်းအမှတ်(၆၄၆)ရှိ တောင်သူ ဦးစိုးဝင်း၏ မိုးစပါးစိုက်ဧက ၆ ဧကၡ၌ ဂျပန်ကျွန်းရွှေဝါ မျိုးစပါးကို စပါးမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချခြင်း ကွင်းသရုပ်ပြစိုက်ပျိုးပွဲကျင်းပသည်။

မျိုးစေ့ချကိရိယာစနစ်ဖြင့် စိုက်ပျိုးခြင်းကြောင့် မျိုးစေ့ကုန်ကျမှုလျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန်မရှိခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာကာ အမြစ်ကြီးထွားမှု စောစီးစွာရရှိခြင်း၊ မြေသြဇာအသုံးပြုရာတွင် အကျိုးသက်ရောက်မှုမြင့်မားခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိခြင်းများကြောင့် တောင်သူများအထွက်နှုန်းသိသာစွာ တိုးပွားလာမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း မျိုးစေ့ချကိရိယာဖြင့် ၃၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်က ပြောသည်။

အဆိုပါ မျိုးစေ့ချခြင်း ကွင်းသရုပ်ပြစိုက်ပျိုးပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးသိန်းအောင်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများတက်ရောက်ကြကြောင်းသိရသည်။ (၄၀၆)

ပဲခူး၊ လူမှုရေး

## အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) မြန်မာဘော်လီဘောလူမှုရေးအသင်းအမှုဆောင်ဖလားအသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ပဲခူးတိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးက အားကစားပြိုင်ပွဲများမှ ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လက်ရွေးစင်အဆင့်မှ နိုင်ငံ့ဂုဏ်ဆောင်ပေါ်ထွန်းရေး၊ မြန်မာ့ဘော်လီဘောအားကစား ကျယ်ပြန့်စွာတိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရေး၊ ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးတို့နှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက်ကိုရွတ်ဆိုကြပြီး ပြိုင်ပွဲဝင်အားကစားအသင်းများကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ယင်းနောက် ပဲခူးမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့ ကျောင်းသား၊ ကျောင်းသူလေးများက ဘင်ခရာအကအလှများဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြပြီး မြန်မာဘော်လီဘောလူမှုရေးအသင်းအမှုဆောင်ဥက္ကဋ္ဌ ဦးရဲနိုင်က ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်လေးသိန်း ပေးအပ်သည်။

အဆိုပါဘော်လီဘောပြိုင်ပွဲအား ဇွန်လ ၂၀ ရက်မှ ၂၅ ရက်အထိ ဘော်လီဘောအသင်း အမျိုးသားကိုးသင်း၊ အမျိုးသမီးငါးသင်း စုစုပေါင်းအသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားအသင်းပထမဆုငွေကျပ်သိန်း ၂၀၊ ဒုတိယဆုငွေကျပ် ၁၅ သိန်း၊ တတိယဆုငွေကျပ် ၁၀ သိန်း၊ အကောင်းဆုံးအားကစားသမားဆုငွေကျပ် တစ်သိန်းဖြစ်ပြီး အမျိုးသမီးအသင်း ပထမဆုငွေကျပ် ၁၂ သိန်း၊ ဒုတိယဆုငွေကျပ် ရှစ်သိန်း၊ တတိယဆုငွေကျပ်လေးသိန်း အကောင်းဆုံးအားကစားသမားဆုငွေကျပ် တစ်သိန်း ပေးအပ်မည်ဖြစ်ကြောင်းသိရသည်။ (၄၁၀)

မိတ္ထီလာ၊ လူမှုရေး

## ရှေးဦးသူနာပြုစုနည်းသင်တန်းဖွင့်လှစ်ပို့ချ



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့ပူးပေါင်းဆောင်ရွက်သော ရှေးဦးသူနာပြုစုနည်းသင်တန်းကို ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်ပို့ချကြောင်းသိရသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးနေဦးနှင့် ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သမိုင်းကြောင်းနှင့် နိုင်ငံတကာကြက်ခြေနီအသင်း၏သမိုင်းကြောင်းများကိုလည်းကောင်း၊ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၏လှုပ်ရှားဆောင်ရွက်မှုများအကြောင်းကို လည်းကောင်း၊ အပူလောင်သော လူနာအားရှေးဦးပြုစုခြင်း၊ အသက်ရှူရပ်ခြင်း၊ နှလုံးခုန်ရပ်ခြင်းဖြစ်သောလူနာအား ရှေးဦးပြုစုခြင်း၊ ဆို့နင်ခြင်းဖြစ်သောလူနာအား ရှေးဦးပြုစုခြင်း၊ နှာခေါင်းသွေးယိုသောလူနာအား ရှေးဦးပြုစုခြင်း၊ သတိလစ်နေသောလူနာအား ရှေးဦးပြုစုခြင်း၊ သွေးယိုထွက်သောလူနာအား ရှေးဦးပြုစုခြင်း စသည့် ရှေးဦးသူနာပြုစုခြင်းဆိုင်ရာများကို အသိပညာပေး ဆွေးနွေးပို့ချကြသည်။ အဆိုပါသင်တန်းသို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၅၉ ဦး တက်ရောက်ကြပြီး သင်တန်းအား တစ်ရက်တာ ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။ (၆၀၂)

ကလိန်အောင်၊ စီးပွားရေး

## နာနတ်သီး တစ်နိုင်တစ်ပိုင်စိုက်ပျိုးတောင်သူများ အပိုဝင်ငွေရရှိ

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၌ နာနတ်သီးတစ်နိုင်တစ်ပိုင်စိုက်ပျိုးတောင်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

"ကလိန်အောင်မြို့မှာတော့ နာနတ်သီးပင်တွေကို မိသားစုတစ်နိုင်တစ်ပိုင်အပိုဝင်ငွေရရှိဖို့အတွက် ဥယျာဉ်ခြံများထဲမှာ ကြားညှပ်ပြီး မြေအောက်ရေအစိုဓာတ်နဲ့စိုက်ပျိုးထားတယ်။ ပြီးခဲ့တဲ့နှစ်မိုးရာသီက စိုက်ပျိုးထားတဲ့နာနတ်သီးတွေကို ဧပြီလပိုင်းမှာ စတင်အသီးသီးပြီး ဈေးကွက်အတွင်းသို့ အသီးအရွယ်အစားအလိုက် ရောင်းချရပါတယ်"ဟု နာနတ်သီးစိုက်ပျိုးတောင်သူတစ်ဦးကပြောသည်။

ကလိန်အောင်ဒေသထွက် နာနတ်သီးများကို ထားဝယ်မြို့နှင့် ကံပေါက်ဒေသတို့တွင် အဝယ်ဒိုင်များကလာရောက်ဝယ်ယူကြသည်။

ကလိန်အောင်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသည်ဥယျာဉ်ခြံများကို အဓိကထားပြီး စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ မြေအောက်ရေဖြင့် အခြားသီးနှံစားပင်များကိုပါ စိုက်ပျိုးကြကြောင်း သိရသည်။ (၄၁၂)

### ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နှလုံးရောဂါဖြစ်ရခြင်း အကြောင်းရင်း

ကြည်လွင်မြင့်(မုဒြာ)

**“လူ့ခန္ဓာကိုယ်တွင်ရှိသော အင်္ဂါအစိတ်အပိုင်းများသည် အိပ်စက်ချိန်တွင် အနားရကြသော်လည်း လုံးဝအနားမရဘဲ သေသည်အထိ အလုပ်လုပ်သွားရသောအင်္ဂါမှာ နှလုံးကြွက်သားများပင်ဖြစ်သည်။ ကြွက်သားများဖြင့်ညှစ်ခြင်း၊ ကျုံ့ခြင်း၊ ပွခြင်းအလုပ်များကို စက္ကန့်မလပ်လုပ်ဆောင်ရင်း ခန္ဓာကိုယ်အနှံ့အပြားသို့ သွေးများရောက်အောင်ပို့ဆောင်ပေးနေသည်။ ခန္ဓာကိုယ်အစွန်အဖျားမှ ဟောင်းညစ်သွားသောသွေးများကို သွေးပြန်ကြောများမှတစ်ဆင့် ပြန်လည်သိမ်းဆည်းရသည်။ အမှတ်မထင်ပြုမူမိသော အမှားတစ်ခုကြောင့် နှလုံးရောဂါဖြစ်ပြီး မမျှော်လင့်ဘဲ နှလုံးတိုက်ခိုက်မှုခံရကာ သေဆုံးနိုင်သည်ကို သတိပြုကြရန်လိုသည်။ သင့်တင့်သော လေ့ကျင့်ခန်းမလုပ်ခြင်း၊ လေ့ကျင့်ခန်းလုပ်မှုလွန်ကဲခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဓာတုဗေဒပစ္စည်းအငွေ့အသက်များ ရှူရှိုက်မိခြင်းတို့ကို အထူးသတိပြုကြစေလို. . .”**

ယခုရက်ပိုင်းအတွင်းမှာပင် မိတ်ဆွေနှစ်ဦး နှလုံးရောဂါဖြင့် ညအိပ်နေရင်း သေဆုံးသွားကြသည်။ တစ်ဦးမှာ တောင်တက်စက်ဘီးစီးသမားဖြစ်သဖြင့် ကျန်းမာရေးအလွန်ကောင်းသည်ဟု ထင်ရသူဖြစ်ပြီး ရုတ်တရက် နှလုံးရပ်ပြီး သေဆုံးသည်ဆိုသောအခါ လူတိုင်းမယုံကြည်နိုင်ဖြစ်ရသည်။ မနေ့ကမှ မိတ်ဆွေအပေါင်းအသင်းများနှင့် ရယ်မောပျော်ရွှင်နေသေးသည်။ လေ့ကျင့်ခန်းမှန်မှန်လုပ်နေလျှင် နှလုံးရောဂါမဖြစ်နိုင်ဟု ယူဆနေခြင်းမှာ မမှန်ကန်သလိုဖြစ်နေသည်။

တခြားတစ်ဦးမှာ မိမိသွားနေကျဘုရားတစ်ဆူတွင် စားပွဲခုံတစ်ခု၊ ကြေးစည်တစ်လုံးဖြင့် အလှူခံဖြတ်ပိုင်းရေးပေးသူ အသက် ၇၀ ကျော်အရွယ်ဖြစ်သည်။ သူသည် ဘုရားရိပ်၊ တရားရိပ်တွင် အေးချမ်းစွာနေပြီး ဝါတွင်းရော ဝါပပါ ဥပုသ်ရက်ရှည်စောင့်သူဖြစ်သည်။ သက်သတ်လွတ် အမြဲစားသူဖြစ်သဖြင့် နှလုံးအဆီတိုးပြီး သွေးကြောပိတ်စရာအကြောင်းလည်းမရှိပေ။ သူ၏တစ်ခုတည်းသောပြစ်ချက်မှာ အားလျှင် ဖက်ဆေးပေါ့လိပ်ကြီးကို မီးညှိပြီးဖွာနေတတ်သည်။ ညနေစာ၊ ညစာမစား။ ဆေးလိပ်သာလျှင် သူ၏အဖော်ဖြစ်သည်။

ဖြစ်ပုံက ထိုနေ့ညနေက မိုးသည်းထန်စွာရွာသဖြင့် ဘုရားအပြင်ဘက်လမ်းမပေါ်တွင် ရေများလျှံနေသည်။ သူက အိမ်မပြန်တော့ဘဲ ဘုရားတွင်ပင် အိပ်လိုက်သည်။ သူ၏အလှူခံစားပွဲအောက်ရှိ သမံတလင်းတွင်ပင် နီးကြောဖျာကြမ်းတစ်ချပ်ခင်းပြီး ကတ်ထူစာအုပ်သုံးအုပ်ကို ခေါင်းအုံးပြီး အိပ်လိုက်သည်။ လူကြီးဖြစ်၍ ကောင်းစွာအိပ်ပျော်ပုံမရ။ ဖက်ဆေးပေါ့လိပ်အကြီးတစ်လိပ်နီးပါးကုန်အောင် အိပ်ရင်းဖွာနေပုံရသည်။ နံနက်လင်းပိုင်းရောက်မှ အိပ်ပျော်သွားပုံရသည်။ သို့သော် သူ၏အိပ်ပျော်ခြင်းမှာ မနိုးသောအိပ်ခြင်းဖြစ်သည်။ နံနက်လင်း၍ ဘုရားလူကြီးတချို့ရောက်လာတော့ သူ့ကိုကောင်းစွာအိပ်ပျော်နေသည်ထင်၍ မနှိုးကြ။ အရုဏ်ဆွမ်းကပ်သူများ ပြန်သွားကြပြီး နံနက် ၆ နာရီခွဲကျော်မှ သူ့ကို လှုပ်နှိုးကြရာ ခန္ဓာကိုယ်မှာ လှုပ်ရှားမှုမရှိတော့ဘဲ တောင့်နေလေပြီ။ ယနေ့မှစ၍ အလှူခံဖြတ်ပိုင်းရေးသည့်နေရာတွင် အလှူရှင်အတွက် သာဓုခေါ်ပြီး ကြေးစည်တီးပေးတတ်သည့်ထိုအဘကို မတွေ့ရတော့ပြီ။ သောက်၍မကုန်သေးသော ဖက်ဆေးပေါ့လိပ်အတိုလေးမှာကား ပြာခွက်အတွင်းတွင် ကျန်ခဲ့သည်။

နှလုံးရောဂါသည် အဆီအအိမ့်စားပြီး အငြိမ်းစားနေသူများ၏ရောဂါဖြစ်သည်ဟုဆိုသော်လည်း ပြင်းထန်သောလေ့ကျင့်ခန်းလုပ်ခြင်းကိုလည်း မကြိုက်ပေ။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ မီးခိုး၊ ဓာတ်ဆီ၊ ဒီဇယ်ဆီလောင်ကျွမ်းပြီးထွက်လာသည့် ကားအိတ်ဇောမှ အငွေ့များကြောင့်လည်း နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်သည်။ ဆေးလိပ်၊ ဆေးပေါ့လိပ်သောက်သူများလည်း နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်သည်။ အထူးသဖြင့် အစာမရှိချိန်နှင့် ညအိပ်ရာဝင်ချိန်တွင် ဆေးလိပ်သောက်သူများသည် နှလုံးအမောဖောက်ရောဂါဖြင့် သေဆုံးလေ့ရှိသည်ဟုဆိုသည်။ ဆေးလိပ်အငွေ့ကို တစ်ဆင့်ခံရှူရှိုက်မိသူများတွင်ပင် နှစ်ကြာလျှင် နှလုံးရောဂါရနိုင်သည်ဟုဆိုသည်။

ဈေးချိုတွင် ဆိုင်ထွက်သော မိတ်ဆွေတစ်ဦးမှာ ရင်ကျပ်နှင့်နှလုံးရောဂါ စတင်ဝင်ရောက်လာသဖြင့် အထူးကုဆရာဝန်ကြီးနှင့်ပြပြီး ကုသမှုခံယူနေရသည်။ သူသည် အသက် ၅၀ ကျော်သာရှိသေးသည်။ သူ၏ပြစ်ချက်ကို လေ့လာဆန်းစစ်ကြည့်သောအခါ သူ၏ဆိုင်ခန်းမှာ ထောင့်ကျပြီး အလင်းရောင်အဝင်နည်းကာ ခြင်ကိုက်သဖြင့် ခြင်ဆေးခွေနှစ်ခွေကို အမြဲထွန်းထားသည်။ ထိုခြင်ဆေးအငွေ့များကို တစ်နှစ်လုံးရှူရှိုက်ပြီးနောက် သူ့တွင် ရင်ကျပ်အမောရောဂါရလာခြင်းဖြစ်သည်။ ယခုအခါ သူသည် နှလုံးဆရာဝန်၏အကြံပေးချက်အရ နံနက်တိုင်း ကျုံးနံဘေးတွင် လမ်းလျှောက်ပြီး လေ့ကျင့်ခန်းပြုလုပ်နေသည်ကို တွေ့ရသည်။ သူ၏ဖြစ်ရပ်ကိုကြည့်ပြီး ခြင်ဆေးခွေထွန်းသူများအား အသိပညာပေးရန်လိုအပ်ကြောင်း တွေ့ရပေသည်။

တစ်လောက ပြည်ပမှဝင်လာသော ခြင်ဆေးခွေတစ်မျိုးတွင် ပိုးသတ်ဆေးအဆိပ်များ လိုအပ်သည်ထက်ပို၍ပါဝင်နေသဖြင့် အငွေ့ရှူရှိုက်မိသူများအတွက် အန္တရာယ်ရှိနိုင်ကြောင်း ကြေညာခဲ့သည်။ သို့သော် အရပ်ထဲရှိ အိမ်ဆိုင်များတွင် တိုးတိုးတိတ်တိတ် ဆက်လက်ရောင်းချနေဆဲဖြစ်ကြောင်း တွေ့ရသည်။ “ဒီမှာရှိတဲ့ခြင်ဆေးတွေကရိုးသွားပြီ။ ခြင်တွေက မကြောက်တော့ဘူး။ ပြည်ပကလာတဲ့ခြင်ဆေးကမှ ခြင်သေတာ။ ဖြတ်ပြေးတာနဲ့သေတာပဲ။ ဈေးကလည်း သက်သာတယ်။ ဝယ်သူတွေကလည်း ဒါပဲမေးကြတယ်။ ဒါကြောင့် ရောင်းရတယ်”ဟု ပြောသံကြားရသည်။ တတ်ကျွမ်းနားလည်သူ ပညာရှင်များက ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် သတိပေးသည်ကို သတိမမူကြဘဲ ခြင်ပြေးသည့်အကျိုးကိုသာကြည့်၍ ဝယ်ယူကြသည်ကို တွေ့ရသည်။ လူထုကို အသိပညာပေးရသောအလုပ်သည် လက်တွေ့အကျိုးနှင့်ယှဉ်လာလျှင် အလွန်ခက်ခဲမှုများရှိကြောင်း တွေ့ရသည်။ လူ့ခန္ဓာကိုယ်တွင်ရှိသော အင်္ဂါအစိတ်အပိုင်းများသည် အိပ်စက်ချိန်တွင် အနားရကြသော်လည်း လုံးဝအနားမရဘဲ သေသည်အထိ အလုပ်လုပ်သွားရသောအင်္ဂါမှာ နှလုံးကြွက်သားများပင်ဖြစ်သည်။ ကြွက်သားများဖြင့်ညှစ်ခြင်း၊ ကျုံ့ခြင်း၊ ပွခြင်းအလုပ်များကို စက္ကန့်မလပ်လုပ်ဆောင်ရင်း ခန္ဓာကိုယ်အနှံ့အပြားသို့ သွေးများရောက်အောင် ပို့ဆောင်ပေးနေသည်။ ခန္ဓာကိုယ်အစွန်အဖျားမှ ဟောင်းညစ်သွားသောသွေးများကို သွေးပြန်ကြောများမှတစ်ဆင့် ပြန်လည်သိမ်းဆည်းရသည်။ အမှတ်မထင်ပြုမူမိသော အမှားတစ်ခုကြောင့် နှလုံးရောဂါဖြစ်ပြီး မမျှော်လင့်ဘဲ နှလုံးတိုက်ခိုက်မှုခံရကာ သေဆုံးနိုင်သည်ကို သတိပြုကြရန်လိုသည်။ သင့်တင့်သော လေ့ကျင့်ခန်းမလုပ်ခြင်း၊ လေ့ကျင့်ခန်းလုပ်မှု လွန်ကဲခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဓာတုဗေဒပစ္စည်းအငွေ့အသက်များ ရှူရှိုက်မိခြင်းတို့ကို အထူးသတိပြုကြစေလိုသည်။

ဆေးလိပ်သောက်သူများသည် အသက် ၄၀ ကျော်လာလျှင် နှလုံးအင်အားကျဆင်းလာချိန်ဖြစ်သဖြင့် ဆေးလိပ်ဖြတ်သင့်သည်။ ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးသွေးကြောများ ကျဉ်းရုံသာမက တစ်ကိုယ်လုံးရှိ သွေးကြောများပါ မာဆတ်တောင့်တင်းသွားသည်ဟုဆိုသည်။ အထူးသဖြင့် ခြေဖျား လက်ဖျားအစွန်အဖျားရှိ သွေးကြောလေးများ သွေးမရောက်ဖြစ်ကာ ဖြတ်ပစ်ရသူများပင်ရှိသည်။ Heart Attack (နှလုံးတိုက်ခိုက်မှု)ခံရသူအတော်များများမှာ ငယ်စဉ်ကပင် ဆေးလိပ်သောက်ခဲ့သူများဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ဆေးလိပ်ဖြတ်ခြင်းသည် နောက်ကျသည်ဟူ၍မရှိပေ။ ဆေးလိပ်မသောက်ဘဲ ဖြတ်ထားပြီး လေးနာရီကြာလျှင်ပင် သွေးကြောများ ပြန်လည်ပျော့ပျောင်းလာသည်ဟုဆိုသည်။ ဆေးလိပ်ဖြတ်ပြီး တစ်နှစ်ခန့်ကြာသောအခါ နှလုံးသွေးကြောမကြီးများပင် ပြန်လည်ပျော့ပျောင်း၍ အင်အားကောင်းလာသည်ဟုဆိုသည်။ ဆေးလိပ်ဖြတ်ခြင်းဖြင့် ရုတ်တရက် နှလုံးတိုက်ခိုက်ခံရခြင်း၊ ရုတ်တရက် သေဆုံးခြင်း၊ အိပ်ပျော်နေရင်း သေဆုံးခြင်း စသောနှလုံးရပ်၍ သေဆုံးရခြင်းဘေးအန္တရာယ်မှ လွတ်ကင်းနိုင်ပေသည်။

နှလုံးရောဂါ ဘာကြောင့်ဖြစ်သနည်းဟု မေးလျှင် ဆေးပညာရှုထောင့်မှ အကြောင်းများစွာရှိသည်။ နှလုံးကြွက်သားများ၊ သွေးလှည့်အဖွဲ့၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ပိတ်ခြင်း၊ နှလုံးအခင်များ မာတောင့်ခြင်း၊ နှလုံးဦးခန်းမပိတ်သည့်ရောဂါ၊ နှလုံးခုန်ကြိမ် မမှန်ကန်ခြင်း၊ ခုန်သောအလုပ်ကို စည်းဝါးညီအောင်မလုပ်ခြင်း၊ လေးဖက်နာပိုးကြောင့် နှလုံးရှိ အခင်များပျက်စီးခြင်း၊ နှလုံးရောင်ခြင်း၊ နှလုံးကြီးခြင်း၊ နှလုံးပွခြင်း စသည့်ရောဂါများစွာရှိသည်။

**နှလုံးရောဂါမဖြစ်စေရန် ဆင်ခြင်သင့်သည်များမှာ-**

(၁) ဆေးလိပ်မသောက်ပါနှင့်။ သောက်သုံးနေသူများ၏အငွေ့ကိုပင်ရှောင်ပါ။
(၂) အလွန်ပင်ပန်းသောလေ့ကျင့်ခန်းများ မလုပ်သင့်ပါ။
(၃) အချိုနှင့်အဆီအအိမ့် လွန်ကဲစွာမစားပါနှင့်။
(၄) စိတ်ပင်ပန်းမှုနှင့် အိပ်ရေးပျက်သောအလုပ်များကိုရှောင်ရှားပါ။
(၅) သန့်ရှင်းမှုမရှိ၊ လေကောင်းလေသန့်မရသော နေရာများ၌ နေထိုင်ခြင်း၊ အလုပ်လုပ်ခြင်းမှ တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် အကြောင်းများစွာရှိသည်မှာ မှန်သော်လည်း မိမိနှင့်အနီးစပ်ဆုံး အနေအထိုင်၊ အစားအသောက် ဆင်ခြင်စရာတချို့ကိုဆင်ခြင်နေထိုင်လျှင် မဖြစ်သင့်သော နှလုံးရောဂါကို မဖြစ်ရလေအောင် ကြိုတင်ကာကွယ်ရာရောက်ပေသည်။ ခက်ခက်ခဲခဲမဟုတ်ဘဲ လွယ်ကူစွာသတိပြုဆင်ခြင်နိုင်မည့်အကြောင်းအရာများကို ဆင်ခြင်စားသောက်နေထိုင်ပြုမူသဖြင့် နှလုံးရောဂါဒဏ်ခံစားရခြင်း၊ ရုတ်တရက် နှလုံးတိုက်ခိုက်ခံရခြင်း၊ နှလုံးတိုက်ခိုက်ခံရခြင်းဖြင့် အသက်ဆုံးရှုံးရခြင်းများမဖြစ်ရလေအောင် ဆင်ခြင်နိုင်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

---

သဲကုန်း၊ အသိပညာပေး

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေး

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၀ ရက်တွင် အခြေခံပညာမူလတန်းလွန်ကျောင်း (ငှက်တော်မြီး)၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းလွန်ကျောင်း(ငှက်တော်မြီး) ကျောင်းအုပ်ဆရာကြီး ဦးရဲလင်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။


ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ဌာန၏ဆောင်ရွက်နေမှုလုပ်ငန်းများကို ရှင်းလင်းပြောကြား၍ ကျောင်းသားလူငယ်များအနေဖြင့် ပုံစံမျိုးစုံနှင့်ဝင်ရောက်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်တို့မှ ရှောင်ရှားတတ်ကြစေရန်၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများကို ငယ်စဉ်ကပင် နားလည်သိမြင်ပြီး ရှောင်ရှားတတ်စေရန်၊ မူးယစ်ဆေးဝါး သုံးစွဲသူများတွင်တွေ့ရသော အမူအကျင့်၊ အလေ့အထများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်ကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

ကျောက်ဆည်၊ လူမှုရေး

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်း ဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အထက် တန်းအဆင့်စာစီစာကုံးပြိုင်ပွဲကို ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးက "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှ ဖယ်ရှားကြ" ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ကြသည်။

အဆိုပါအထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ တွင်ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ကျောက်ဆည်မြို့နယ် ပညာရေးစုံညီပွဲတော်တွင် ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရ သည်။ **ကျောက်ဆည်ခရိုင်(ပြန်/ဆက်)**

ပင်လောင်း၊ လူမှုရေး

## သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိ ပညာပေးလက်ကမ်းစာစောင်များကို ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် မြို့မဈေးရှေ့မင်းလမ်း ပေါ်နှင့် ဈေးအတွင်းသို့ ဈေးရောင်း၊ ဈေးဝယ် သူများအား ဖြန့်ဝေပေးသည်။



အဆိုပါ အသိပညာပေးလက်ကမ်းစာစောင် တွင် သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ် ချက်များ၊ ၂၀၂၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်း အရာ သန်းခေါင်စာရင်းဥပဒေ၊ စာရင်းကောက် ယူမည့်မေးခွန်းများ၊ စာရင်းကောက်များသည် မိမိ တာဝန်ကျရာစာရင်းကောက်ကွက်အတွင်း တစ်အိမ် တက်ဆင်းအိမ်တိုင်ရာရောက် Mobile Tablet များ အသုံးပြု၍ကောက်ယူခြင်းနှင့် သန်းခေါင် စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်ထိ ကောက်ယူမည့်အစီအစဉ် စသည်များရေးသားဖော်ပြထားသည်။ လက်ကမ်း စာစောင်များကို မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာန တို့မှတာဝန်ရှိသူများက ပူးပေါင်းဖြန့်ဝေပေးခဲ့ကြ ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၏မြေစိုက်ပြဘုတ်တွင်လည်း အများပြည်သူ ဖတ်ရှုသိရှိနိုင်ရန် သန်းခေါင်စာရင်းကောက်ယူ ရေးဆိုင်ရာနှင့်ပတ်သက်သည့် ကြော်ငြာပိုစတာ များဆောင်ရွက်ပေးကြောင်း သိရသည်။ **(၄၀၅)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ထာဝရစစ်သား အငြိမ်းစား

➤ စစ်သားတစ်ခါ၊ ဖြစ်ခဲ့ပါမူ
သစ္စာလေးချက်၊ သံမှိနှက်သို့
စွဲမက်အသည်းမှာ၊ ခိုင်မြဲစွာဖြင့်
ကျလာတာဝန်၊ ရွက်ကျေပွန်ဆဲ
အားသွန်ကြိုးပမ်း၊ သက်စွန့်ထမ်းလိမ့်
မနွမ်းအစဉ်၊ နုပျိုလွင်ဆဲ
ချစ်ခင်မမေ့ စစ်မှာမွေ့ခဲ့။

➤ စစ်ပြန်စစ်သား၊ ဖြစ်ကာသွားလည်း
စိတ်အားမပျော့၊ မာန်မလျှော့ချေ
ဦးမော့မည္တတ်၊ ကြယ်စင်ဆွတ်သူ
စွန့်လွှတ်စွန့်စား၊ အာဂသားမို့
ပြည်အားကာကွယ်၊ မရှောင်ဖယ်ပေ
နှောင်တွယ်စိတ်သစ်၊ နုပျိုမျစ်ဆဲ
ပြည်ချစ်ရဲဘော် စစ်မှာပျော်ခဲ့။

➤ တာဝန်ရွက်ထမ်း၊ ခရီးကြမ်းလည်း
မနွမ်းတိုက်ဖော်၊ လက်တွဲခေါ်ကာ
ရဲဘော်ရဲဘက်၊ သွေးချင်းဆက်၍
ပြည်ဖျက်လောက်ပိုး၊ ရိုက်ဖျက်ချိုးကာ
လမ်းဆိုးကွယ်ပျောက်၊ လမ်းကောင်းရောက်အောင်
မဖောက်သစ္စာ၊ တည်ကြည်စွာဖြင့်
ကြည်သာရွှင်လန်း စစ်မှုထမ်းခဲ့။

➤ ဩော် . . .
သက်ရှိအငြိမ်းစား၊ ဖြစ်တုံငြားလည်း
စစ်သားတစ်ခါ၊ ဖြစ်ခဲ့ပါမူ
စစ်မှာပျော်ငြား၊ ငါစစ်သားမို့
စိတ်အားထက်သန်၊ ပြည်ပရန်ကို
ဧကန်ရဲတုံ့၊ အသက်စွန့်၍
မတွန့်မဆုတ်၊ ရင်ကတုတ်ဖြင့်
ကျားကုတ်ကျားခဲ၊ အနိုင်နွဲမည်
စစ်သွေးရဲနီ ပြည့်ကျိုးရည်။
လက်တွဲစစ်ချီ အောင်ပွဲဆီ။ ။

**စစ်ရင်သွေး(ပန်းတောင်း)**

## သင်္ဂ(FM) အသံလွှင့်အစီအစဉ်

၂၁-၆-၂၀၂၄(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ | ၁၇း၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၂။ | ၁၂း၁၅ | Special Music Time | ၅။ | ၂၁း၂၀ | မြန်မာသံစဉ် (ကာလပေါ်) |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် | ၆။ | ၂၁း၄၀ | Love Dictionary |

မင်းလှ၊ ကျေးလက်ဖွံ့ဖြိုးရေး

# ကိုင်းငယ်လေးကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကိုင်းငယ်ကျေးရွာအုပ်စု ကိုင်းငယ်လေးကျေးရွာ၌ ကျေးရွာနေပြည်သူများ ရာသီမရွေးသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ဇွန်လ ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမိုးဝင်း၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ကိုင်းငယ်လေးကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေ ငွေကျပ် ၁၂ ဒသမ ၉ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းအားလုံး ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။



အဆိုပါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၁၀၀ မှ လူဦးရေ ၄၇၃ ဦးအပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေရရှိစေမည်ဖြစ်ကြောင်း သိရသည်။ **ငြိမ်းသူ**

ရန်ကုန်၊ စီးပွားရေး

# ယခုဘဏ္ဍာနှစ် နှစ်လကျော်ကာလအတွင်း ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ရရှိ

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၇ ရက်အထိ နှစ်လကျော်ကာလအတွင်း ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၇ ရက်အထိ နှစ်လကျော်ကာလအတွင်း ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှု အနေဖြင့် နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၃ သန်းရရှိပြီး ပုဂ္ဂလိကတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၀၃ သန်းရရှိသည့်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၉၆ သန်းရရှိထားသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူက ပြည်ပသို့ သစ်တောထွက်ပစ္စည်းတင်ပို့မှုအနေဖြင့် နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၅ သန်း၊ ပုဂ္ဂလိကတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄၀၉ သန်းရရှိခဲ့သည့်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၇၄ သန်း ရရှိခဲ့သည်။

ပြည်ပသို့ သစ်တောထွက်ပစ္စည်းများအပြင် လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၇ ရက်အထိ စုစုပေါင်း ပြည်ပပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆၂၃ ဒသမ ၆၇၈ သန်းရရှိထားသည်။

ထို့ပြင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကိုလည်း တင်သွင်းကြောင်း သိရသည်။ **စောယု**

ကျိုက်လတ်၊ စားသုံးသူရေးရာ

# ကျိုက်လတ်မြို့နယ်အတွင်းရှိ ကုန်မျိုးစုံရောင်းချနေသောဆိုင်များကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်




ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်းရှိ ကုန်မျိုးစုံရောင်းချနေသောဆိုင်များကို ဇွန်လ ၂၀ ရက်တွင် မြို့နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ (ပူးပေါင်းအဖွဲ့) ကကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ အခွန်ဦးစီးဌာနနှင့် မြို့နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ (ပူးပေါင်းအဖွဲ့) မှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကုန်မျိုးစုံအရောင်းဆိုင်များ၌ ရောင်းချသောကုန်ပစ္စည်းများတွင် စားသုံးသူကာကွယ်ရေးဥပဒေအရ သတ်မှတ်ထားသောကုန်အညွှန်းအမှတ်အသားများ ဖော်ပြထားသည့်ကုန်ပစ္စည်းများရောင်းချခြင်း ရှိ၊ မရှိနှင့် ကုန်စည်အညွှန်းများတွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ တခြားဘာသာဖြင့် တွဲလျက်ဖြစ်စေ ဖော်ပြခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်းနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ထားသော အချက်ခုနစ်ချက်ကို လိုက်နာကြရန် အသိပညာပေးပြောကြားသည်။

ဆက်လက်၍ စစ်ဆေးရန်ကျန်ရှိနေသော မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများရှိ အလှကုန်ဆိုင်၊ ကုန်မျိုးစုံဆိုင်နှင့် စတိုးဆိုင်များကို မြို့နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ (ပူးပေါင်းအဖွဲ့) က အလှည့်ကျကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်မင်းအောင်**

ရန်ကုန်၊ အသိပညာပေး

# ထန်းတပင်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

ဇွန်လ ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုအဖြစ် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇွန်လ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ထန်းတပင်) လှိုင်ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်တို့က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာဝင်းနွယ် (ပုသိမ်) က မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းသိကောင်းစရာနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆုမြတ်ဝင်းက စာအုပ်စာစောင်များဖတ်ရှုလေ့လာခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာပေးပြောကြားသည်။

အဆိုပါအသိပညာပေးဟောပြောပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှဦးဆောင်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဟောပြောပွဲသို့ တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် စာအုပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



နေပြည်တော် ဇွန် ၂၀

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အလှူငွေများလှူဒါန်း




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုမိသားစုမှ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အတွက် အလှူငွေများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) အုပ်ချုပ်မှု ဆောင်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်လက်ခံသည်။

လှူဒါန်းပွဲအခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန် ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် များ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီးနှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လှူဒါန်းရ ခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မိသားစုက နေပြည်တော်ပြည်သူ့ဆေးရုံ ကြီး(ခုတင်-၁၀၀၀)အတွက် ငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဇွန် ၂၀

# (၁၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအခြေခံအဆောက်အဦ၊ ရင်းနှီးမြှုပ်နှံမှုနှင့်တည်ဆောက်ရေးဖိုရမ်ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် (၁၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အခြေခံ အဆောက်အဦ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တည် ဆောက်ရေးဖိုရမ်(The 15th International Infrastructure Investment and Construction Forum -IIICF) ဖွင့်ပွဲအခမ်း အနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုဒေသနှင့် နိုင်ငံတကာမှ အုပ်ချုပ် မှုနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ တရုတ်- အပြည်ပြည်ဆိုင်ရာ ကန်ထရိုက်တာများ အသင်းနှင့် မကာအိုကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေးအဖွဲ့အစည်းတို့မှ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှ ကျွမ်းကျင်ပညာ ရှင်များ၊ တာဝန်ရှိသူများနှင့်အတူ တက် ရောက်သည်။

အစီအစဉ်အရ နိုင်ငံတကာမှ တက် ရောက်လာသော ဆောက်လုပ်ရေးဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အကြီး အကဲများ၊ တာဝန်ရှိသူများကို မိတ်ဆက်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကိုဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က (၁၅)ကြိမ်မြောက် အပြည်ပြည် ဆိုင်ရာ အခြေခံအဆောက်အဦ၊ ရင်းနှီး မြှုပ်နှံမှုနှင့် တည်ဆောက်ရေးဖိုရမ်နှင့် ပြပွဲ အခမ်းအနားကျင်းပခြင်းအားဖြင့် အတွေ့ အကြုံများကိုဖလှယ်ရန်၊ ပူးပေါင်းဆောင်ရွက် မှု အားကောင်းရန်နှင့် နိုင်ငံတကာအခြေခံ အဆောက်အဦဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အတွက် အခွင့်အလမ်းများကို ချိတ်ဆက် ပေးနိုင်သော နည်းလမ်းတစ်ခုဖြစ်ကြောင်း။

နိုင်ငံတိုင်းအတွက် Green Innovation သည် သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်ပြီး Green Innovation သဘော တရားတွင် တီထွင်ဆန်းသစ်မှုများနှင့် ပညာ ရပ်အမျိုးအစားများစွာပါဝင်ပါကြောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးရေး ပန်းတိုင်ဖြစ်သော Sustainable Development Goal (SDG) ၏ "ခံနိုင်ရည်ရှိသော အခြေခံ အဆောက်အဦများတည်ဆောက်ခြင်း၊ ရေရှည်တည်တံ့သော စက်မှုဖွံ့ဖြိုးတိုးတက် မှုကိုမြှင့်တင်ရန်နှင့် တီထွင်ဆန်းသစ်မှု ကိုမြှင့်တင်ပေးခြင်း"လည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု ရေရှည် မဟာဗျူဟာတွင် ဂေဟစနစ်ကာကွယ်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တိုးမြှင့်ထုတ် လုပ်ရန်၊ စိမ်းလန်းသော ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများကိုကာကွယ် ရန်နှင့် စွန့်ပစ်ပစ္စည်းများ၏ စီမံခန့်ခွဲမှု တို့ကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိ ကြောင်း။

မြန်မာနိုင်ငံ၌ Green Innovation အောက်တွင် အကောင်အထည်ဖော်ဆောင် ရွက်ရာတွင် လျှပ်စစ်ကား(EV)များ ပိုမို အသုံးပြုလာစေခြင်း၊ အသေးစားအလတ်စား စက်မှုလုပ်ငန်းများတွင် Solar Yard နေရာ များကို ထည့်သွင်းအသုံးပြုခြင်း၊ မြို့ကြီး များ၏ မြို့ပြစီမံကိန်းရေးဆွဲရာတွင် စိမ်းလန်း သောနေရာများကို စဉ်းစားထည့်သွင်းရေးဆွဲ ခြင်း၊ လေအားလျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်းများကို ကမ်းရိုးတန်းဒေသများတွင် အကောင်အထည်ဖော်ရန်စီစဉ်ထားခြင်း၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် ပြည်ထောင်စုလမ်းမကြီးများတစ်လျှောက် တွင် လမ်းဘေးသစ်ပင်များစိုက်ပျိုးခြင်း တို့ကို သဘာဝနည်းကျဆောင်ရွက်လျက်ရှိ ကြောင်း။

မြို့ပြစီမံကိန်းနှင့် အိမ်ရာကဏ္ဍ Green Innovation အောက်တွင် ဆောင်ရွက်သော အိမ်ရာစီမံကိန်းများ၌ လေထုအရည်အသွေး မြှင့်တင်ရန် Green Spaces များ၊ စိမ်းလန်း သော အခြေခံအဆောက်အဦများထားရှိ ရန် သစ်တောဧရိယာကို ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်မှုအဆင့်ဆင့်တွင်ထည့်သွင်း စဉ်းစားတည်ဆောက်ထားကြောင်း၊ Green Innovation နှင့် Smart Connectivity တို့ကိုဆောင်ရွက်ခြင်းဖြင့် မြို့ပြဖွံ့ဖြိုးတိုး တက်မှုဖြစ်စဉ်တွင် မြို့ပြအသွင်ကူးပြောင်းမှု နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှု များကို ကိုင်တွယ်ဖြေရှင်းရာ၌ ပိုမိုထိရောက် ပြီး ရေရှည်တည်တံ့သော မြို့ကြီးများဆီသို့ ဦးတည်သွားနိုင်မည်ဖြစ်ကြောင်း။

Digital Connectivity အား "ဒစ်ဂျစ် တယ်စီးပွားရေးခေတ်" သို့မဟုတ် "စတုတ္ထ စက်မှုတော်လှန်ရေး (4IR)" ဟုခေါ်တွင် လေ့ရှိပြီး လူမှုရေးဆိုင်ရာပြောင်းလဲမှုများ အတွက် အဓိကမောင်းနှင်အားတစ်ခုအဖြစ် အသိအမှတ်ပြုထားကြောင်း၊ နိုင်ငံတစ်နိုင်ငံ အတွက် အရေးပါသော အခြေခံအဆောက် အဦနှင့် တန်ဖိုးမဖြတ်နိုင်သော စက်မှု လုပ်ငန်းများနှင့် ကဏ္ဍအားလုံးတွင် အစိုးရ နှင့်ပုဂ္ဂလိကစနစ်များ ဒစ်ဂျစ်တယ်အဖြစ်သို့ ပြောင်းလဲခြင်းကို ကြည့်လျှင်သိနိုင်ကြောင်း။

ယနေ့ကျင်းပသည့်ဖိုရမ်သည် ပွင့်လင်း မြင်သာမှုကိုမြှင့်တင်ရန်၊ နှစ်ဦးနှစ်ဖက် အကျိုးရှိစေရန် ပူးပေါင်းဆောင်ရွက်မှုများကို အားပေးကာ ဆောက်လုပ်ရေးကဏ္ဍနှင့် မိတ်ဖက်နိုင်ငံများအတွက် Green Innovation နှင့် Digital Connectivity တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

---

■ **ရှေ့ဖုံးမှအဆက်**

■ ရှေ့ဖုံးမှအဆက်

အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် ထုတ်ပြန် ထားသော်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာ ဆောင်ရွက်မှုမရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ ခွင့်ပြုချက် မရရှိသေးသော ကုန်ပစ္စည်းများကို ကြိုတင်တင်သွင်း ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကျန်းမာရေး ကဏ္ဍတို့အတွက်လိုအပ်သောအရေးကြီးကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံများတွင် ထည့်သွင်းခွင့်ပြုထားပြီး ဖြစ်သည်။

သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော ဥပဒေနှင့်စည်းကမ်း များကို အလေးအနက်ထား လိုက်နာစေရန်ရည်ရွယ်၍ သွင်းကုန်လိုင်စင်/ပါမစ်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့် လေဆိပ်များသို့ တင်သွင်း ရောက်ရှိမှုမရှိစေရေးအတွက် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက ထပ်မံနှိုးဆော်အသိပေးကြေညာထားကြောင်း သိရ သည်။

**(သတင်းစဉ်)**

---

၂၀-၆-၂၀၂၄

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| ရှမ်းရွာသစ် | ၂ ဒသမ ၄၀ လက်မ | | ဝါးခယ်မ | ၁ ဒသမ ၈၁ လက်မ |
| ရေး | ၂ ဒသမ ၃၆ လက်မ | | ကျောက်ဖြူ | ၁ ဒသမ ၇၇ လက်မ |
| မာန်အောင် | ၂ ဒသမ ၁၇ လက်မ | | ဂွ | ၁ ဒသမ ၇၇ လက်မ |
| စစ်တွေ | ၂ ဒသမ ၀၁ လက်မ | | မြိတ် | ၁ ဒသမ ၇၇ လက်မ |
| ကျုံပျော် | ၂ ဒသမ ၀၁ လက်မ | | ခရမ်း | ၁ ဒသမ ၄၂ လက်မ |
| သံတွဲ | ၁ ဒသမ ၈၅ လက်မ | | ငါးသိုင်းချောင်း | ၁ ဒသမ ၃၄ လက်မ |

ရန်ကုန်    ဇွန်    ၂၀

# ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့ရှိ အထင်ကရနေရာများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဆက်လက်ကြည့်ရှုလေ့လာခဲ့ပြီး ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ



(၅)ကြိမ်မြောက် လန်ချန်း-မဲခေါင် ရုပ်သံသီတင်းပတ်(5th Lancang-Mekong Audiovisual Week)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်ခဲ့ကြသည့် လန်ချန်း-မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဇွန်လ ၁၉ ရက်တွင် ယူနန်ပြည်နယ် ကူမင်းမြို့နှင့်ယွိရှီမြို့တို့မှ အထင်ကရနေရာများတွင် ဆက်လက်၍ ကြည့်ရှုလေ့လာခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် ကူမင်းမြို့မှလေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် ယူနန်ပြည်နယ် ယွိရှီမြို့ရှိ မန်ကျည်းပင်ပြတိုက်သို့ ရောက်ရှိကြပြီး ကုန်ကြမ်းမှကုန်ချောအထိ ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် အရည်၊ အခဲ၊ သံဘူး၊ အိတ် စသည့်ခေတ်မီထုပ်ပိုးမှု ပုံစံခုနစ်မျိုးဖြင့် စားသောက်ကုန်အမျိုးအစား ၁၀၀ ကျော်ထုတ်လုပ်ဖြန့်ချိရောင်းချနေမှု လုပ်ငန်းစဉ်တို့ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြတိုက်ကို Yunnan Maoduoli Food Group Co, Ltd.က ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ ဝန်ထမ်း ၄၀၀ ကျော်ဖြင့် လုပ်ငန်းများစီစဉ်ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီသည် ယူနန်ပြည်နယ်ရှိ သဘာဝစားသောက်ကုန်လုပ်ငန်းများ၏ ထိပ်တန်း ၂၀ စာရင်းတွင် သုံးနှစ်ဆက်တိုက်ဝင်ရောက်ခဲ့ပြီး အသိအမှတ်ပြုလက်ခံမှုရရှိထားကြောင်း သိရသည်။

ဆက်လက်၍ ယူနန်၊ ကုန်းယွင်ရှန်း လက်ဖက်ခြောက်လုပ်ငန်း (Yunnan Gongrunxiang Tea Industry Company)၌ ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါလုပ်ငန်းကို ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ဖက်ပင်စိုက်ပျိုးရေးစီမံခန့်ခွဲခြင်း၊ သိပ္ပံနည်းကျတီထွင်ဆန်းသစ်ခြင်း၊ ကုန်အမှတ်တံဆိပ်လုပ်ဆောင်ခြင်း၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှုနှင့်ရောင်းချမှုများဖြင့် ပေါင်းစည်းခြင်းများဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် အမျိုးသားနည်းပညာ အဆင့်မြင့်လုပ်ငန်းအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် တီထွင်ဆန်းသစ်မှုနှင့် သုတေသနဆုအဖြစ်လည်းကောင်းရရှိခဲ့ကာ လက်ဖက်ခြောက်လုပ်ငန်းတွင် ရှေ့ဆောင်အဖြစ် ထွက်ပေါ်ရပ်တည်လျက်ရှိကြောင်းသိရသည်။

မွန်းလွဲပိုင်းတွင် ဟုန်တခရိုင်ရှိ ရိုးရာမပျက်ထိန်းသိမ်းထားသည့် တရင်လူနေရပ်ကွက်သို့သွားရောက်ပြီး လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါနေရာသည် ဧရိယာ ၂၆ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး အိမ်ခြေစုစုပေါင်း ၅၇၄၂ တို့ပါဝင်ကာ "ပျော်ရွှင်ဖွယ်ကျေးလက်အသိုက်အဝန်း အမျိုးသားပြယုဂ်" ဆု၊ လှပအေးဆေးသော ကျေးလက်ခရီးသွားလုပ်ငန်း၏ အဓိကကျေးရွာဆုများ ရရှိထားကာ ချီးကျူးဂုဏ်ပြုမှု/အသိအမှတ်ပြုမှုများ ရရှိထားကြောင်း သိရသည်။

ထို့နောက် Yuxi Walvax Biological Technology Co., Ltd. သို့ ရောက်ရှိကြပြီး ကာကွယ်ဆေးထုတ်လုပ်မှုလုပ်ငန်းစဉ်ကို ကြည့်ရှုလေ့လာကြရာ ယူနန် Walvax ဇီဝနည်းပညာကုမ္ပဏီ၏ ကုမ္ပဏီခွဲတစ်ခုအဖြစ် ၂၀၀၅ ခုနှစ်တွင် ယွိရှီ Walvax ဇီဝနည်းပညာကုမ္ပဏီကို တည်ထောင်ခဲ့ပြီး ဥရောပစံနှုန်းများနှင့်အညီ တရုတ်နိုင်ငံတွင် အဆင့်အမြင့်ဆုံး ဇီဝနည်းပညာကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်နေကြောင်း၊ နှစ်စဉ် ကာကွယ်ဆေးဒါဇင်ပေါင်း ၃၉၀၀၀ ထုတ်လုပ်နိုင်မှုဖြင့် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်နေခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့အခြေစိုက် Yunnan M Time Culture and Communication Co.,Ltd. မှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ M Time Myanmar Micro Video Production and Release Center နှင့် MRTVတို့ ပူးပေါင်းပြီး Online Media ဖြင့် အပြန်အလှန်ပူးပေါင်းထုတ်လွှင့်ရေးနှင့် ပူးတွဲရိုက်ကူးထုတ်လုပ်ရေးဆိုင်ရာများ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာပြီး ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြရာ တရုတ်သံရုံးမှ သံမှူးကြီး Dr. Zheng Zhihong နှင့်ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသော အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြကြောင်းသိရသည်။

**(သတင်းစဉ်)**

---

တောင်ငူ    ဇွန်    ၂၀

# တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြို့ရိုး၊ ကျုံး၊ မြို့ဝင်တံခါးပေါက်များ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး





သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူကေတုမတီမြို့ဟောင်း အနောက်ဘက်မြို့ရိုး စင်တံခါးအနီးရှိ ကေတုမတီမြို့ဟောင်းမြို့ရိုးပြန်လည်တူးဖော်ထိန်းသိမ်းထားရှိမှုအခြေအနေကို သွားရောက်စစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညိုမြင့်ထွန်းက ကေတုမတီတောင်ငူမြို့၏ သမိုင်းကြောင်း၊ မြို့ရိုး၊ ကျုံးများနှင့် မြို့ဝင်တံခါးပေါက်များ၏လက်ရှိအခြေအနေ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် ကျုံးနှင့်မြို့ရိုးဖော်ထုတ်ထိန်းသိမ်းထားမှုအခြေအနေ၊ ကျုံးနယ်နိမိတ်သတ်မှတ်စိုက်ထူထားသည့် တိုင်များဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူကေတုမတီမြို့ဟောင်းမြို့ရိုးနှင့် ကျုံးတို့၏လက်ရှိအခြေအနေကိုလည်းကောင်း၊ တောင်ငူကေတုမတီမြို့ဟောင်းမြို့ရိုးနှင့် ပန်းချီတံခါးပေါက်အနီးရှိ ယိုးဒယားပေါက်ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေနှင့် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို လည်းကောင်း၊ တောင်ငူကေတုမတီမြို့ရိုး ပန်းချီတံခါးပေါက်မှတစ်ဆင့် ကေတုမတီမြို့ရိုး၊ ကျုံးနှင့် မြို့ဝင်တံခါးပေါက်များ၏ လက်ရှိအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက မြို့ရိုးနှင့်ကျုံးများသည် မိမိတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ဖော်ပြနိုင်သည် သာမက အတိတ်ကတောင်ငူဘုရင်များ၏ ဘုန်းတန်ခိုး၊ လက်ရုံးရည်၊ နှလုံးရည်တို့ကို ပြသနေသောကြောင့် တောင်ငူကေတုမတီမြို့ဟောင်းရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြို့ရိုး၊ ကျုံးနှင့် မြို့ဝင်တံခါးပေါက်များကို ပြန်လည်ဖော်ထုတ်ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန် အနာဂတ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး စုပေါင်းခန်းမ၌ကျင်းပသည့် တောင်ငူကေတုမတီမြို့ရိုးနှင့်ကျုံးကို ထိန်းသိမ်းမှုဆိုင်ရာအစည်းအဝေးသို့တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တောင်ငူမြို့ ကေတုမတီမြို့ဟောင်းမြို့တည် နန်းတည်နှစ် ၅၀၀ ပြည့်အထိမ်းအမှတ်ပွဲတော်ကို ၂၀၁၀ ပြည့်နှစ်မှစ၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံမိဘပြည်သူများက နှစ်စဉ်နှစ်တိုင်းခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ကျော်က မင်းကြီးညိုတည်ထောင်ခဲ့သော ကျုံးနှင့် မြို့ရိုးများ၊ အဆောက်အအုံများကို လက်ရှိအနေအထားထက် ပျက်ယွင်းမှုမရှိအောင် ပြန်လည်ဖော်ထုတ်ကာကွယ် ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်းနှင့် မင်းကြီးမဟာသီရိဇေယျသူရ မင်းကြီးညို(အေဒီ ၁၄၈၆-၁၅၃၁) တည်ထောင်ခဲ့သည့် တောင်ငူကေတုမတီမြို့ဟောင်းမြို့ရိုးနှင့်ကျုံးနေရာများ၊ ရှေးဟောင်းအဆောက်အအုံများကို ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ထိန်းသိမ်းသွားနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးဒေါ်နုမြဇံက ရှေးဟောင်းအမွေအနှစ်ဖြစ်သော တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြို့ရိုး၊ ကျုံး၊ မြို့ဝင်ပေါက်များကို ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းသွားရန်လိုအပ်သည့် အချက်များကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညိုမြင့်ထွန်းက တောင်ငူမြို့ ကေတုမတီမြို့ဟောင်း၊ မြို့ရိုး၊ ကျုံး၊ မြို့ဝင်တံခါးပေါက်များနှင့် ဆိုင်ရာသမိုင်းကြောင်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်းမြို့ရိုး၊ ကျုံး၊ မြို့ဝင်တံခါးပေါက်များ တူးဖော်ထိန်းသိမ်းမှု အခြေအနေများကိုလည်းကောင်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က သမိုင်းဆိုင်ရာသုတေသနပြုရန် လိုအပ်ချက်များကိုလည်းကောင်း၊ သမိုင်းသုတေသီ ဒေါက်တာမြသောင်းက တောင်ငူမြို့ ကေတုမတီမြို့ဟောင်းဆိုင်ရာသုတေသနဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးက ခေတ်အဆက်ဆက် တောင်ငူမြို့ ကေတုမတီမြို့ဟောင်းကျုံးနှင့်မြို့ရိုးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားပြီး တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြို့ရိုး၊ ကျုံး၊ မြို့ဝင်တံခါးပေါက်များ ထိန်းသိမ်းခြင်းလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိတ်ဓာတ်ရင့်ကျက် တည်ငြိမ်မှုရှိပါစေ

ညွှန့်ဝင်း(နတ်တလင်း)

▶▶ လူငယ်တို့သည် ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသကဲ့သို့ နောင်တစ်ချိန်တွင် လူ့ဘောင်လောကကို ဦးစီးခေါင်းဆောင်ပြုရမည့်သူများဖြစ်သည်။ လူငယ်တို့သည် ကိုယ့်အားကိုယ်ကိုးခြင်း၊ အချိန်ကို စနစ်တကျအသုံးချတတ်ခြင်း၊ မှန်ကန်သောဘဝရည်မှန်းချက်ထားရှိ လုပ်ကိုင်တတ်ခြင်း၊ အတ္တဆန်လွန်းသောစိတ်ဓာတ်မရှိဘဲ စာနာနားလည်တတ်ခြင်း၊ ကြောင်းကျိုး ရှေ့နောက်စဉ်းစားချင့်ချိန်နိုင်ခြင်း၊ လောကဓံကို ရင်ဆိုင်တတ်ခြင်း၊ သည်းခံစိတ်ရှိပြီး ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားတတ်ခြင်း စသည့်စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်သူတို့၏ လူစွမ်းလူစများ ကုံလုံပြည့်ဝအောင်ကြိုးစား၍ ဘဝအောင်မြင်မှုပန်းတိုင်ကို အရောက် လှမ်းနိုင်သူများအဖြစ် သက်သေပြကြရမည်ဖြစ်. . .

လူတိုင်းသည် မိမိဘဝကိုအောင်မြင်သော ဘဝအဖြစ်တည်ဆောက်လိုကြသည်။ သို့သော် လူတိုင်းအောင်မြင်သောဘဝကိုတည်ဆောက်နိုင်သည်တော့ မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုမရှိကြသောကြောင့်ဖြစ်သည်။ လောကတွင် အောင်မြင်သောဘဝကိုတည်ဆောက်နိုင်သူများသည် စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်စွာ တစိုက်မတ်မတ်ကြိုးစားခဲ့သူများဖြစ်သည်။ လူငယ်တို့သည် လူကြီးများအဖြစ်နှင့် လူ့ဘောင်လောကကို ဦးဆောင်ကြရမည့်သူများဖြစ်ရာ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်သူများဖြစ်အောင် လေ့ကျင့်မွေးမြူကြရပေမည်။ လူတိုင်းသည် မွေးကတည်းက စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်သူအဖြစ် မွေးဖွားလာသည်မဟုတ်ပေ။ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုသည် မွေးရာပါအရည်အချင်းတစ်ခုမဟုတ်။ မွေးစကလေးငယ်တစ်ဦးသည် မိဘအပေါ် အစစအရာရာအားကိုးနေလိမ့်မည်ဖြစ်သည်။ မိဘကလည်း ကလေး၏လိုအပ်ချက်နှင့်တောင်းဆိုချက်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနေမည်ဖြစ်သည်။ သို့သော် ထိုကလေးစတင်ကြီးပြင်းလာပြီး သုံးလေးနှစ်အရွယ်တွင်မူ ကလေးတောင်းဆိုသမျှ မလိုက်လျောတော့ချေ။ အချို့ကိစ္စတို့ကို ကလေးကိုယ်တိုင်ပြုလုပ်စေလာသည်။ ဥပမာအားဖြင့် ကိုယ်တိုင်လမ်းလျှောက်ခြင်း၊ ကိုယ်တိုင်ယူငင်စားသောက်ခြင်းမျိုးဖြစ်သည်။ ၎င်းသည် ကလေးအနေဖြင့် မိမိကိုယ်တိုင်ကြိုးစားလုပ်ကိုင်လိုစိတ်ဖြစ်တည်၍ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုရှိလာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်သည်။

လူငယ်တစ်ယောက်အရွယ်ရောက်လာချိန်တွင် မိမိကိုယ်ကိုထိန်းချုပ်နိုင်သည့် စိတ်ဓာတ်ရင့်ကျက်မှုမရှိမဖြစ်လိုအပ်သည်။ အရွယ်ရောက်လာသောလူငယ်သည် ကလေးဆန်သောအပြုအမူများကို မိမိနှင့်မလိုက်ဖက်တော့ကြောင်း သိလာရမည်ဖြစ်သည်။ အလုပ်တစ်ခုအကြောင်းအရာတစ်ခုကို အရွယ်နှင့်လျော်ညီစွာ ကြိုတင်စဉ်းစားတတ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ်အားကိုးခြင်း၊ ကြောင်းကျိုးဆင်ခြင်နိုင်စွမ်းရှိခြင်း၊ မလိုလားအပ်သောအပြုအမူတို့ကို ထိန်းချုပ်နိုင်ခြင်း၊ ဘက်မလိုက်ခြင်း စသည့်စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှု သဘောလက္ခဏာများနှင့်ပြည့်စုံသူဖြစ်အောင် ကြိုးစားရပေမည်။ တစ်ကိုယ်ကောင်းဆန်ခြင်း၊ အခြေအနေနှင့်လိုက်လျောညီထွေမစဉ်းစားတတ်ခြင်း၊ မိမိကိုယ်ကိုမထိန်းချုပ်နိုင်ခြင်း၊ တာဝန်မသိတတ်ခြင်း၊ သူတစ်ပါးအပေါ် မှီခိုလွန်းခြင်းတို့သည် စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုမရှိသူတို့၏ လက္ခဏာများပင်ဖြစ်သည်။

စိတ်ဓာတ်ရင့်ကျက်သောလူငယ်တစ်ဦးသည် ဘဝဆန်သော၊ စစ်မှန်သောခံယူချက်ကောင်းရှိရမည်။ ယင်းခံယူချက်တို့မှာ အချိန်ကိုစနစ်တကျ နားလည်အသုံးချတတ်ခြင်း၊ အကြောင်းအကျိုးဆက်နွယ်မှုတို့ကို သိနားလည်ခြင်း၊ စစ်မှန်သောဘဝပန်းတိုင်ရှိခြင်း၊ စိတ်ကူးဆန္ဒရှိရုံနှင့်မပြီးဘဲ လက်တွေ့လုပ်ဆောင်မှ အကောင်အထည်ပေါ်ကြောင်း သဘောပေါက်ခြင်း၊ ဘဝအတွက်ဆီလျော်သော ရွေးချယ်မှုတို့ကို ပြုလုပ်နိုင်စွမ်းရှိခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်းတို့ဖြစ်ပေသည်။ ငယ်ရွယ်သူကလေးဘဝတွင် စက္ကန့်၊ မိနစ်၊ နာရီတို့၏ အရေးပါမှုကို သေသေချာချာနားမလည်ကြပေ။ သူတို့အတွက်အချိန်သည် မကုန်နိုင်မခန်းနိုင်သော အချိန်မရွေးယူငင်သုံးစွဲနိုင်သောအရာဟု ထင်မှတ်ထားတတ်ကြသည်။ အချို့မှာ အရွယ်ရောက်လာသည့်တိုင် စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုမရှိကြသေးပေ။ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုမရှိသူသည် အချိန်ကိုစနစ်တကျစီမံခန့်ခွဲ၍မသုံးစွဲတတ်ဘဲ အမှုမဲ့အမှတ်မဲ့နေထိုင်ကြသဖြင့် ဘဝအတွက်ဆုံးရှုံးနစ်နာမှုများကြုံတွေ့ကြရသည်။ အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဟူသော စကားပုံအတိုင်းအချိန်သည် အစဉ်အမြဲရွေ့လျားပြောင်းလဲနေသည်ကို သတိမူရမည်ဖြစ်သည်။ အခြေအနေအရပ်ရပ်သည်အချိန်နှင့်အမျှပြောင်းလဲနေတတ်ပြီး မိမိမမျှော်လင့်သည့်အနှောင့်အယှက်၊ အတားအဆီး၊ အခက်အခဲများ ပေါ်ပေါက်လာတတ်သဖြင့် အချိန်နှင့်တစ်ပြေးညီလုပ်ကိုင်ဆောင်ရွက်ကြမှသာ တော်ကာကျပေလိမ့်မည်။ မနက်ဖြန်အလုပ် ယနေ့လုပ်၊ ယနေ့အလုပ်ယခုလုပ်ဟူသော လမ်းညွှန်ချက်များသည် အချိန်ကိုအဖိုးတန်စွာ အသုံးချရန်ညွှန်ပြခြင်းဖြစ်သည်။

လူငယ်တို့သည် အသက်အရွယ်အလိုက် မိမိပတ်ဝန်းကျင်ဖြစ်ပျက်သမျှကို ကြောင်းကျိုးဆက်နွယ်၍ တွေးခေါ်လုပ်ကိုင်တတ်ရန်လိုသည်။ ကျောင်းသားလူငယ်ဘဝတွင် ကလေးဘဝထက်ပိုမိုသော ဘဝအတွေ့အကြုံများ တစ်စထက်တစ်စရရှိလာပြီး အတွေ့အကြုံနှင့်အညီ အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်တတ်ရမည်။ သာဓကအားဖြင့် စာမကျက်လျှင် စာမေးပွဲကျမည်ကိုလည်းကောင်း၊ ဆရာစာသင်နေချိန် သူငယ်ချင်းများနှင့်စကားများနေလျှင် ဆရာ၏ ဆူပူဆုံးမမှုကို ခံရမည်ကိုလည်းကောင်း သိနားလည်ရမည်။ လူကြီးမိဘ၊ ဆရာသမားများကလိုအပ်၍ စည်းကမ်းသတ်မှတ်ထိန်းချုပ်မှုကို ချုပ်ချယ်သည်ဟုထင်ခြင်း၊ လူကြီးမိဘ၊ ဆရာသမားတို့နှင့်ဆန့်ကျင်၍ မလိုအပ်ဘဲစွန့်စားမှုလုပ်ခြင်းတို့သည် စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုမရှိသူတို့၏ အပြုအမူဖြစ်ပေသည်။

မိမိဘဝကို ရှင်သန်တိုးတက်အောင်ကြိုးစားရာ၌ ဘဝပန်းတိုင်ထားရှိ၍ ပန်းတိုင်ရောက်အောင် လုံ့လစိုက်ထုတ်ကြရမည်။ သို့သော် မိမိထားရှိသောဘဝပန်းတိုင်သည် စစ်မှန်သောဘဝပန်းတိုင်ဖြစ်ရန်လိုသည်။ ကလေးဘဝက မိမိစိတ်ကူးထဲရှိသည့်အတိုင်း သူဌေးဖြစ်လိုက်၊ ဆရာဝန်ကြီးဖြစ်လိုက်နှင့် စိတ်ကူးရည်မှန်းချက်သည် စစ်မှန်သောဘဝပန်းတိုင်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် အတန်းကြီးမြင့်လာပြီး မိမိ၏အရည်အချင်းနှင့် ကြိုးစားနိုင်မည့် ဉာဏ်ရည်အခြေအနေကို ကိုယ်တိုင်သိမြင်လာသောအခါ အမှန်တကယ် ကြိုးစားနိုင်သည်။ ဘဝပန်းတိုင်သည် တစ်မျိုးပြောင်းလဲသွားနိုင်သည်။ ထို့ကြောင့် စစ်မှန်သောဘဝပန်းတိုင်ထားရှိကြိုးစားနိုင်သူသာ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်စွာ ဘဝကိုတည်ဆောက်နိုင်မည်။

စိတ်ဓာတ်ရင့်ကျက်သူတစ်ဦး၏စိတ်ဝယ် မိမိစိတ်ကူးဆန္ဒရည်မှန်းချက်တစ်ခုကို ဆန္ဒရှိရုံနှင့်မပြီးမြောက်မှန်း သိမြင်နိုင်ရမည်။ မိမိ၏ကြိုးစားအားထုတ်မှုမပါဘဲ တစ်နေ့နေ့ တစ်ချိန်ချိန် ဖြစ်လာနိုင်လိမ့်မည်ဟူသော မရေရာမပြတ်သားသည့် မျှော်လင့်နေမှုသည် အချည်းနှီးသာဖြစ်သည်။ မိမိ၏စိတ်ကူးဆန္ဒကို လက်တွေ့ကျကျနှင့်လုံလောက်သော ကြိုးစားအားထုတ်မှုရှိမှသာ အောင်မြင်မှုရမည်ဖြစ်ကြောင်း သဘောပေါက်ရမည်။ သာဓကအားဖြင့် ရေကူးကျွမ်းကျင်သူကိုကြည့်၍ ရေကူးကျွမ်းကျင်လိုသောဆန္ဒရှိနေရုံနှင့် ရေကူးကျွမ်းကျင်သူဖြစ်လာမည်မဟုတ်ပေ။ မိမိကိုယ်တိုင် ရေကူးကျွမ်းကျင်အောင် ကိုယ်ထိလက်ရောက်ကြိုးစားသင်ယူလေ့ကျင့်မှသာ မိမိစိတ်ဆန္ဒအတိုင်း ဖြစ်မြောက်အောင်မြင်လာမည်ဖြစ်သည်။

လောကတွင် လူတိုင်းအဆိုးများ၊ ဆင်းရဲဒုက္ခများကို ကြောက်ရွံ့ကြသည်။ သို့သော် ၎င်းတို့ကို မရင်ဆိုင်ဘဲ ကွေ့ပတ်ရှောင်နေလျှင်ရမည်မဟုတ်။ လောကတွင် လူတိုင်းကြုံတွေ့ရမည့် လောကဓံတရားရှစ်ပါးတွင် အကောင်းလေးပါး၊ အဆိုးလေးပါးရှိလေရာ အကောင်းကိုချည်း တွေ့ကြုံချင်နေ၍မရ။ အဆိုးကိုလည်းတွေ့ကြုံရင်ဆိုင်ရပေမည်။ ထို့ကြောင့် အကောင်းများကို တွေ့ကြုံနေရချိန်၌သာ ဝမ်းသာရွှင်မြူးနေတတ်ပြီး အဆိုးကိုရင်ဆိုင်ရန် တွန့်ဆုတ်နေခြင်းမျိုးမဖြစ်ဘဲ ရဲရဲရင့်ရင့်ရင်ဆိုင်ကျော်လွှားနိုင်သူသာလျှင် အောင်မြင်မှုရသူဖြစ်လာသည်။

မွေးကင်းစကလေးငယ်သည် မိမိစိတ်ကိုထိန်းချုပ်နိုင်စွမ်းမရှိသေးသဖြင့် မိမိလိုအင်မှန်သမျှကို ငိုခြင်းဖြင့် မိဘအပေါ် မှီခိုတောင်းဆိုသည်မှာ ဆီလျော်သော်လည်း အရွယ်ရောက်လာသော လူငယ်တစ်ဦးသည် ကလေးငယ်ကဲ့သို့ အရာရာသူတစ်ပါးအပေါ် မှီခိုအားကိုးလိုခြင်းမှာ စိတ်ဓာတ်ရင့်ကျက်မှုမရှိခြင်းကို ပြသခြင်းပင်ဖြစ်သည်။ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှုရှိသောလူငယ်သည် တတ်နိုင်သမျှသူတစ်ပါးအပေါ် အားမကိုးလိုဘဲ ကိုယ်စွမ်းကိုယ်စနှင့် ကြိုးစားသည့်အပြင် မိမိစိတ်ကိုလည်း ထိန်းချုပ်နိုင်စွမ်းရှိသည်။ မစဉ်းစားမဆင်ခြင်ဘဲ စိတ်လိုက်မာန်ပါပြုမူခြင်းသည် ပြုသူအတွက်ရော ခံရသူအတွက်ပါ မကောင်းပေ။ စိတ်ဓာတ်ရင့်ကျက်သူတို့ကား တစ်စုံတစ်ခုမလုပ်မီ ခေတ္တဆိုင်းငံ့စဉ်းစားပြီးမှ နှိုင်းနှိုင်းချိန်ချိန် လုပ်ကိုင်တတ်သည်။ တစ်ကိုယ်ကောင်းဆန်ခြင်း၊ မိုက်ရူးရဲဆန်ခြင်းတို့သည် စိတ်ဓာတ်ရင့်ကျက်သူတို့၏အပြုအမူမဟုတ်ပေ။ စိတ်ဓာတ်မရင့်ကျက်သူကား တာဝန်ကိုလည်းမသိ၊ တာဝန်ကိုလည်းမယူတတ်ဘဲ တာဝန်မဲ့သူအဖြစ်သာ နေထိုင်တတ်လေသည်။ ထိုသူမျိုးကားမည်သူမျှ အားမကိုးထိုက် မယုံကြည်ထိုက်သူဖြစ်သည်။

လူငယ်တို့သည် ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသကဲ့သို့ နောင်တစ်ချိန်တွင် လူ့ဘောင်လောကကို ဦးစီးခေါင်းဆောင်ပြုရမည့်သူများဖြစ်သည်။ လူငယ်တို့သည် ကိုယ့်အားကိုယ်ကိုးခြင်း၊ အချိန်ကို စနစ်တကျအသုံးချတတ်ခြင်း၊ မှန်ကန်သောဘဝရည်မှန်းချက်ထားရှိ လုပ်ကိုင်တတ်ခြင်း၊ အတ္တဆန်လွန်းသောစိတ်ဓာတ်မရှိဘဲ စာနာနားလည်တတ်ခြင်း၊ ကြောင်းကျိုးရှေ့နောက်စဉ်းစားချင့်ချိန်နိုင်ခြင်း လောကဓံကိုရင်ဆိုင်တတ်ခြင်း၊ သည်းခံစိတ်ရှိပြီး ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားတတ်ခြင်း စသည့် စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်သူတို့၏လူစွမ်းလူစများ ကုံလုံပြည့်ဝအောင်ကြိုးစား၍ ဘဝအောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းနိုင်သူများအဖြစ် သက်သေပြကြရမည်ဖြစ်သည်။ ။

---

ကျွန်းလှ၊ စိုက်ပျိုးရေး

## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် ဟင်းသီးဟင်းရွက် ဧက ၅၀၀ ကျော်စိုက်ပျိုးမည်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၅၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံကို ရာသီအလိုက်စိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးရာသီမှာ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးဖို့ ၅၁၂ ဧက လျာထားပါတယ်။ တောင်သူတွေကို GAP နည်းစနစ်စိုက်ပျိုးဖို့၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့သီးနှံများ ထွက်ရှိရေးဆောင်ရွက်ကြဖို့ အသိပညာပေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးကပြောသည်။

အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများအား မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေး ပြုလုပ်သုံးစွဲရေး ကွင်းဆင်းပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းရေ၊ မြေအောက်ရေတင်ပြီး ခရမ်း၊ ငရုတ်၊ ပဲတောင့်ရှည်၊ ရုံးပတီ၊ သခွား၊ ဖရုံ၊ ခဝဲ စသည့်ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးကြကြောင်းနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိနေကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

နေပြည်တော် ဇွန် ၂၀

# မြစ်ကြီးနားမြို့ပေါ်ရှိသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်အောင်မြင်ကျောင်းတိုက်(ဘုမွှော)၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

---

နေပြည်တော် ဇွန် ၂၀

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေးကျင်းပမည်

အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေးကို ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၁၀၊ ၁၁၊ ၁၂၊ ၁၃ ရက် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၊ ၂၊ ၃၊ ၄ ရက် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက်၊ ဝါဆိုလဆန်း ၁ ရက်၊ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၅၊ ၆ ရက် သောကြာ၊ စနေနေ့တို့တွင် သတ္တရသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၉ ရက်၊ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်၊ တနင်္ဂနွေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဇွန် ၂၀

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့အစည်းအဝေးကျင်းပ

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ယာယီရဲမှူးချုပ် သန့်လွင်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာရှိကြီးများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက (၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာအပေါ် အာရှပစိဖိတ်ဒေသပူးပေါင်းအဖွဲ့နှင့်ပြုလုပ်ခဲ့သည့် မျက်နှာချင်းဆိုင်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ချက်များအရ APJG မှ အကဲဖြတ်သူများအနေဖြင့် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် တိုးတက်မှုရှိကြောင်းနှင့် ကြိုးပမ်းဆောင်ရွက်မှုများပေါ် အသိအမှတ်ပြုခဲ့ကြောင်း၊ ရလဒ်ကောင်းများအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအမံ ၅ ခုသည် ကြီးမားစွာလိုက်နာဆောင်ရွက်ရေးအဆင့်သို့ တိုးမြှင့်ရရှိခဲ့ကြောင်း၊ အသိအမှတ်ပြုတိုးတက်မှုများရရှိခဲ့သော်လည်း ပြည်သူလူထု၏ အကျိုးစီးပွားကိုထိခိုက်စေရန် Media များဖြင့် တိုက်ခိုက်မှုများရှိနေကြောင်း၊ ယင်းအပေါ် AML/ CFT ဆိုင်ရာ အကောင်အထည်ဖော်တိုးတက်ဆောင်ရွက်မှုများကို အများပြည်သူသိရှိစေရန် သတင်းထုတ်ပြန်ချက်များနှင့်ရှင်းလင်းခဲ့ကြောင်း၊ စင်ကာပူနိုင်ငံတွင် မကြာမီကျင်းပမည့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ မျက်နှာစုံညီအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလေ့လာသုံးသပ်ရေးအဖွဲ့ (ICRG) လုပ်ငန်းအဖွဲ့ အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်များတက်ရောက်ရာတွင် အဓိကဆွေးနွေးသင့်သည့်အချက်များကို သိရှိထားရန် လိုအပ်ကြောင်း။

APJG သို့ လေးလတစ်ကြိမ်တင်ပြရသည့် တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိသည့် အစီအမံများအား အဆင့်သတ်မှတ်ချက်ပိုမိုရရှိရေးကြိုးပမ်းဆောင်ရွက်ရန်နှင့် တရားမဝင်ဒစ်ဂျစ်တယ်ငွေကြေးများ ရောင်းဝယ်လဲလှယ်ခြင်းနှင့် နိုင်ငံခြားငွေကြေးကစားနေသူများနှင့်ဟွန်ဒီလုပ်ငန်းဆောင်ရွက်နေသူများကို တရားဝင်လိုင်စင်မရှိဘဲ ဆောင်ရွက်နေသည့်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကလည်း FATF နှင့် ICRG အစည်းအဝေးများတွင် တင်ပြရန်အချက်များနှင့် APJG သို့ လေးလတစ်ကြိမ်တင်ပြရသည့် တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့်အချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဇွန် ၂၀

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်း

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်၊ အားကစားခန်းမ၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက လက်နက်များ တပ်ဆင်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

၎င်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(၁၀၀)**


ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းပွဲကျင်းပစဉ်။

---

နေပြည်တော် ဇွန် ၂၀

## ထူးခြားသည့်နေ့အပူချိန်များ

| | | | |
|---|---|---|---|
| ချောက် | ၃၉ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | ညောင်ဦး | ၃၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မိုးမိတ် | ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | ပခုက္ကူ | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | မန္တလေး | ၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |

နေပြည်တော် ဇွန် ၂၀

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိမြို့နယ် ရေဆင်းဆည်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဦးဗိုလ်ဗိုလ်ကျော်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင် ၅၁၀ ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ပျိုးပင်များစုပေါင်း စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့အတူ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးသိပ္ပံကျောင်း(ပျဉ်းမနား)၌လည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ငလိုက်ရေလှောင်တမံ၌လည်းကောင်း ဦးစီးဌာနအလိုက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယမန်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် နှစ်ရှည်သီးပင်စားပင်များ၊ အရိပ်ရပင်များကို စိုက်ပျိုးခဲ့ရာရှင်သန်မှုအနေဖြင့် ၈၀ ရာခိုင်နှုန်းခန့် ကောင်းစွာရှင်သန်လျက်ရှိကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့သော အပင်များနေရာတွင် အစားထိုးစိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော် ရုံးအမှတ်(၁၅) ဖူဆယ်အားကစားကွင်း၌ ကျင်းပသည့် ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်အားကစားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ဘောလုံးအားကစားဆုရအသင်းများကို ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ပထမဆုရ ရုံးအမှတ်(၃၆)အသင်းကို တစ်ဦးချင်းဆုနှင့် ပထမဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင်များ ပါဝင်ဆင်နွှဲသည့် ဘော်လီဘောအားကစားပြိုင်ပွဲကိုကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုရအမျိုးသားဘော်လီဘောအသင်းနှင့် အမျိုးသမီးဘော်လီဘောအသင်းများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ပထမဆုရ ရုံးအမှတ်(၅၀) အမျိုးသားဘော်လီဘောအသင်းနှင့် အမျိုးသမီးဘော်လီဘောအသင်းတို့ကို တစ်ဦးချင်းဆုနှင့် ပထမဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**




ရန်ကုန် ဇွန် ၂၀

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသ၌ ကျင်းပသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မော်မော်သန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးထွန်းထွန်းဦး၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ကျွန်းပင် ၄၀၀၀၊ ပျဉ်းကတိုးပင် ၄၀၀၀၊ မဟော်ဂနီပင် ၂၀၈၀၊ ရေတမာပင် ၇၂၀ စုစုပေါင်း ၁၀၈၀၀ ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ်မိုးရာသီတွင် သစ်ပင်စိုက်ပျိုးခြင်းကို ရှစ်ကြိမ်ခန့် စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် ယခုအကြိမ်စိုက်ပျိုးခြင်းသည် တတိယအကြိမ်မြောက် စိုက်ပျိုးခြင်းဖြစ်ကြောင်းသိရသည်။

**ဝန်းရံခ**



ရန်ကုန် ဇွန် ၂၀

# ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် ပွဲစဉ်ဇယားများ ထုတ်ပြန်၊ ဇူလိုင်လ ၆ ရက်တွင်စတင်ကျင်းပသွားမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် ပွဲစဉ်ဇယားများကို မြန်မာနေရှင်နယ်လိဂ်ကော်မတီက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဇူလိုင်လ ၆ ရက်မှစတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရန်ကုန်မြို့တွင်သာ ကျင်းပခဲ့သော်လည်း လာမည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရန်ကုန်မြို့အပြင် တောင်ကြီးမြို့၊ ပုသိမ်မြို့တို့၌လည်း ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းလက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ ရခိုင်ယူနိုက်တက်အသင်း၊ ဒဂုံစတားအသင်း၊ သစ္စာအားမာန်အသင်း၊ ဧရာဝတီယူနိုက်တက်အသင်း၊ ရတနာပုံအက်ဖ်စီအသင်း၊ မြဝတီအက်ဖ်စီအသင်း၊ ဟံသာဝတီ ယူနိုက်တက်အသင်း၊ ဒဂုံပေါ့အသင်း၊ ISPE အသင်းနှင့် မဟာယူနိုက်တက်အသင်းစသည့် ၁၂ သင်းဖြင့် အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့ကစားသည့်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ဇူလိုင်လ ၆ ရက်မှစတင်ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး လက်ရွေးစင်အသင်း၏ နိုင်ငံတကာပွဲစဉ်များရှိပါက ပွဲစဉ်အချို့ကိုရွှေ့ဆိုင်းကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ရွှေ့ဆိုင်းမည့်အစီအစဉ်ကို မြန်မာနေရှင်နယ်လိဂ်ကော်မတီက သက်ဆိုင်ရာကလပ်အသင်းများနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ဇူလိုင်လ၆ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်း၊ ဇူလိုင်လ ၇ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ ဟံသာဝတီ ယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်း၊ ဇူလိုင်လ ၈ရက်တွင် ISPE အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဇွန် ၂၀

# ပင်လောင်းမြို့နယ် ရင်းမှီးရပ်ကွက်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ မူလနေရပ်သို့ပြောင်းရွှေ့ထွက်ခွာ

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ရင်းမှီးရပ်ကွက် မြသိန်းတန်ဘုန်းကြီးကျောင်း(စာသင်တိုက်) ယာယီနေရပ်စွန့်ခွာစခန်းရှိ အိမ်ထောင်စု ၂၉ စု၊ လူဦးရေ ၈၅ ဦးတို့သည် ၎င်းတို့မူလနေရပ်သို့ ဇွန်လ ၁၃ ရက်တွင် ၎င်းတို့အစီအစဉ်ဖြင့် အသီးသီးပြောင်းရွှေ့ထွက်ခွာသွား၍ အဆိုပါယာယီနေရပ်စွန့်ခွာစခန်းအား ပိတ်သိမ်းခဲ့ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

**မောင်ဇော်**

⏭ ရှေ့ဖုံးမှအဆက်

လျာထားပါတယ်။ မိုးစပါးတွေသတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေပံ့ပိုးဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်မှာပါ" ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွေးက ပြောသည်။

ယခုမိုးသီးနှံစိုက်ပျိုးရာသီတွင် ဟုမ္မလင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးမှုကို ဇွန်လမှစတင်ပျိုးထောင်စိုက်ပျိုးပြီး စက်တင်ဘာလအထိ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ဆင်းဇေရီ(၃)၊ ဧရာမင်း၊ မော်ဘီ(၂) နှင့် ဒေသစပါးမျိုးတို့ကို ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ သဘာဝရေဝင်၊ တခြားဆည်ကန်ရေတို့ဖြင့် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ်များဖြစ်သော မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရန်၊ ပိုးမွှားကျရောက်မှုမှကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများစိုက်ပျိုးရန်နှင့် သဘာဝမြေသြဇာများ သုံးစွဲတတ်စေရန် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

နေပြည်တော်   ဇွန်   ၂၀

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသောအချက်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အထွေထွေဆွေးနွေးချက်များအား ဆက်လက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏သဘောထားများအား အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် နှစ်ရက်တာဆွေးနွေးပွဲ၌ နှစ်ဖက်ဆွေးနွေးချက်များအရ ရရှိလာသည့် သဘောထားများအား သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော်   ဇွန်   ၂၀

# အလုပ်သမားဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ




အလုပ်သမားဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနနှင့် ဆက်စပ်လျက်ရှိသည့် ရုံးဝင်းအနောက်ဘက် မြေကွက်လပ်နေရာ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်ပင်များကို ရှင်သန်ဖွံ့ဖြိုးလာအောင် စိုက်ပျိုးပြုစုပျိုးထောင်ကြခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပလာမည်ဖြစ်သည့်အတွက် ယခုနှစ် မိုးရာသီကာလတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးသွားမည်ဟု သိရှိရပါကြောင်း၊ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးသူကိုယ်တိုင်နှင့် စိုက်ပျိုးသူများ၏ပတ်ဝန်းကျင်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သည့်အပြင် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို ကာကွယ်နိုင်ခြင်း၊ လေထုကို သန့်စင်ပေးနိုင်ခြင်း၊ ပတ်ဝန်းကျင်ကို အေးမြစေခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ခြင်း၊ စားရေရိက္ခာဖန်တီးပေးခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးပြီးအပင်များ ရှင်သန်ဖြစ်ထွန်းစေရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက ပျိုးပင်များကို သတ်မှတ်နေရာများ၌ ဦးဆောင်စိုက်ပျိုးကြပြီး ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများက အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ပျိုးပင်များစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၈၆၇ ပင်၊ ယမနေ ၈၇၉ ပင် စုစုပေါင်း ၁၇၄၆ ပင်ကို တစ်တန်းစီစိုက်ပျိုး၍ မန်ဂျန်ရှား ၁၀၃၀ ပင်ကို စိုက်ခင်းပတ်လည် အနားစပ်များတွင် စိုက်ပျိုးခဲ့သဖြင့် စုစုပေါင်း ၂၇၇၆ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော်   ဇွန်   ၂၀

# စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မိမိတို့လုပ်ငန်းဆပ်ကော်မတီကို ပေးအပ်ထားသည့် တာဝန် (၁၈)ရပ်သည် မိမိတို့ပြည်ထောင်စုအတွင်း၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း၊ မိမိတို့ဆပ်ကော်မတီအနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများအတွက် စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆပ်ကော်မတီဝင်ဌာနများအနေဖြင့် မိမိတို့လျာထားလုပ်ငန်းစီမံကိန်းများကို သတ်မှတ်ကာလအတွင်းပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များက မိမိတို့ဌာနအလိုက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ခွင့်ပြုလုပ်ငန်းများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် လျာထားဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃)ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)တွင် တင်ပြဆွေးနွေးရန်အတွက် လိုအပ်သည်များကို အချိန်မီပြုစုတင်ပြပေးစေလိုပါကြောင်း ပြောကြားခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဇွန်  ၂၀

# တနင်္သာရီတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တက်ရောက်



၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ တနင်္သာရီတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ကောက်ကွက်ပေါင်း ၂၆၀၀ ကျော်ဖြင့်ဖွဲ့စည်း၍ စာရင်းစစ်၊ စာရင်းကောက် ၁၀၀၀ ကျော်ဖြင့် ကောက်ယူရန်လျာထားကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း ကောက်ယူရန်ကျန်ရှိနေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လိုကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက်မေးခွန်း ၁၈ ခုဖြင့် တစ်အိမ်တက်ဆင်းကောက်ယူမည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းကူညီနိုင်ရေးအတွက် ပြည်သူလူထုအသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် မဖြစ်မနေအောင်မြင်အောင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူရေးအတွက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိသည့်အချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများတွင် ထိထိရောက်ရောက်အသုံးပြု ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကိုပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ တနင်္သာရီတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုက လက်ခံရယူပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ခင်းကျင်းပြသထားသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အသုံးပြုမည့် ပစ္စည်းများကို ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့ ဘုရားငါးဆူစာသင်တိုက်ဓမ္မာရုံ၌ မြိတ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံတော်မှ ဖွဲ့စည်းထားသည့် ငါးဦးကော်မတီ၏စိစစ်ချက်အရ အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစိစစ်ထုတ်ပေးခြင်း စသည့်လုပ်ငန်းစဉ်များဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား ရုံးချုပ် e-ID Server ရှိအချက်အလက်များကို Online စနစ်ဖြင့်တိုက်ဆိုင်စိစစ်၍ e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့်ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်  ဇွန်  ၂၀

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက မန်ကျည်းပင်များကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြပြီး ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာအသီးသီးတွင် မန်ကျည်းပင်များ စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းစိုက်ပျိုးနေမှုအခြေအနေကို လိုက်လံကြည့်ရှုအားပေးသည်။ ဝန်ကြီးဌာနအနေဖြင့် ၂၀၀၈ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ၍ စိုက်ပျိုးခဲ့ရာ ၂၀၂၃ ခုနှစ်ထိ ရတနာတန်းဝင်၊ အရိပ်ရလေကာပင်နှင့် သီးပင်စားပင် စုစုပေါင်း ၃၀၀၀ ကျော် စိုက်ပျိုးခဲ့ရာ ယနေ့အထိမြေပြင်တွင် ၂၅၀၀ ခန့် ရှင်သန်ဖြစ်ထွန်းခဲ့ပြီး ရုံးပတ်ဝန်းကျင်တွင် အထိုက်အလျောက်စိမ်းလန်းစိုပြည်ပြီးဖြစ်သဖြင့် ယခုနှစ်တွင်အများပြည်သူနှင့် သက်ဆိုင်သော ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် မန်ကျည်းပင် ၂၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဇွန်  ၂၀

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **လူမှုစီးပွားမြှင့်တင်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၇ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ ၅၀ စုစုပေါင်း ၆၇ ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅ ° C | / | ၃၁.၅ ° C |
| ရန်ကုန် | ၂၄ ° C | / | ၃၃ ° C |
| မန္တလေး | ၂၇ ° C | / | ၃၆.၈ ° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ
အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

INVESTMENT

# YRIC approves four new investments for businesses to generate jobs for more than 2,300 locals



The Yangon Region Investment Committee (YRIC) approved four new projects with investments to generate a total of 2,301 local residents in May 2024, according to U Nyi Nyi Min, secretary of Yangon Region Government.

Total investment for four new projects amounted to Ks-1.555 billion and US$-3.739 million. These projects will create jobs for 2,301 residents in industries, service and manufacturing industries.

"The committee meeting 5/2024 held on 27 May allowed one citizen investment and three foreign investments. These investments flow into hotel services, CMP bag making and garment making as well as bridegroom dresses in CMP system," said U Nyi Nyi Min.

During the period, the committee also allowed increased amount of investment of businesses and raising number of labourers. The committee allows investment of Myanmar citizens and foreign investments for booming businesses in Yangon Region on a monthly basis. SMK

TOURISM

# Visitors surge for the Irrawaddy dolphin watching during the high water season of Ayeyawady River



The Mandalay Region's Irrawaddy Dolphin Conservation Area is experiencing a surge in domestic visitors, according to U Maung Maung Lay, Chairman of the Department of Fisheries' Irrawaddy Dolphin Conservation Group. Tourists are flocking to witness the unique collaboration between local fishermen and dolphins during the Ayeyawady River's high water season.

This period offers two key advantages: abundant food sources for the dolphins due to high water levels and easier viewing of the traditional net-fishing practices where dolphins assist fishermen. As U Maung Maung Lay explains, "The high water brings plentiful food for the Irrawaddy dolphins, making it the prime time to see the largest gatherings in the Mandalay-Kyaukmyaung region. This attracts travellers to Indaung Village, where dolphin sightings are commonplace. In May alone, we estimated around 300 visitors daily".

The appeal extends beyond Indaung. Travellers are also drawn to Ayekyun Village in Mandalay Region's Madaya Township, where community-based tourism (CBT) initiatives are flourishing. Here, visitors can observe the daily spectacle of Irrawaddy dolphins grazing in the Ayeyawady River. SK

AGRICULTURE

# More than 9,000 acres of onion and garlic harvested in Wetlet Township

The statistics of Wetlet Township Agriculture Department indicated that a total of 9,580 acres of onion and garlic have been reaped in Wetlet Township of Sagaing Region.

In 2023-2024 winter, local farmers planted onion and garlic in Wetlet Township. They started harvesting onion and garlic plantations, yielding 4,300 viss per acre of onion on 4,560 acres and 2,879 viss of garlic on 5,020 acres.

"Local farmers planted 9,580 acres of onion and garlic in Wetlet Township, and they have completed harvesting the crops with high yield. Our department creates links of market for farmers to get good prices," said Daw Khin San, Head of Township Agriculture Department.

In 2023-2024 winter, the township earmarked 4,503 acres of onion and 4,815 acres of garlic but local farmers planted 4,560 acres of onion and 5,020 acres of garlic, totalling 9,580.

Local farmers spent Ks-1.8 million per acre of onion and Ks-1.5 million per acre of garlic. SK

AGRICULTURE

# More than 1,000 acres of green gram reaped in Katha District

Katha District Agriculture Department stated that a total of 1,908 acres of green gram has been harvested in the district of Sagaing Region.

The crops were planted in winter of 2023-2024 financial year. It yielded 17.01 baskets per acre.

"Local farmers planted 1,908 acres of green gram in Katha District. They have so farm completed harvesting all plantations. We helped them expand sown acreage of green gram and use quality strains for boosting per-acre yield," said U Myint Soe, Head of Katha District Agriculture Department.

In the district, Katha Township harvested 506 acres of green gram, Indaw Township 407 acres,Htigyaing Township 500 acres and Bamauk Township 495 acres, totalling 1,908 acres.

In 2023-2024 winter, the district earmarked 1,979 acres of green gram but local farmers planted 1,908 acres against the target.Officials from relevant agriculture departments provided assistance for local farmers to use quality strains of crops, prevention of pests, systematic use of fertilizers and efforts or boosting per acre yield.

In 2023-2024 monsoon, the district earmarked 672 acres of green gram but local farmers planted 98 acres comprising 46 acres in Katha Township, 20 acres in Htigyaing Township and 32 acres in Bamauk Township. SMK

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

CITY DEVELOPMENT

# Mobile teams to check undisciplined acts of vehicles in six townships of Mandalay

Mobile teams are assigned to check undisciplined vehicles in six townships of Mandalay, said U Ye Tun, Head of Revenue Department of Mandalay City Development Committee (MCDC). Mandalay City is being shaped as a green, smart and clean city. In this regard, some vehicles vilate prescribed disciplines in implementing the smart city. So, mobile teams will start checking undisciplined vehicles starting from the last week of May.

Undisciplined vehicles will be checked in Mandalay's six townships under the designated plans. It is because undisciplined vehicles can cause traffic congestion in the downtown Mandalay.



Officials will check undisciplined acts of vehicles in not stopping in roadside, stopping in opposition direction, double stopping, and excessive speed in driving in Aungmyethzan, Chanmyathazi, Chanayethazan, Mahaaungmye, Pyigyidagun and Amarapura townships.

Mobile teams are formed with officials from MCDC, Development Police Force, Mandalay Region All Vehicle Supervisory Committee (Local) and Myanmar Police Force which will perform checking undisciplined vehicles.

**SK**

CONSTRUCTION

# YCDC plans to build 20 six-storey RC buildings in Hlaingthaya Township

The YCDC is planning to build 20 six-storey RC buildings in Hlaingthaya Township, Yangon Region through public-private partnership programs, according to reports released by the Yangon City Development Committee (YCDC).

They will be built on an area of 508.3 acres of land managed by the Yangon Region Government on Paung Kuu Road between Bo Aung Kyaw Road and Kyansitthar Road. These buildings will be implemented through public-private cooperation.

The project will be implemented by local companies owned by Myanmar nationals. Therefore, YCDC will invite companies owned by Myanmar nationals who want to invest in the implementation of the project in this May and June.

The local companies owned by Myanmar nationals who wish to invest in the project, must be registered with the Tender Monitoring Committee under the Yangon Region Government, and submit the tender.

**SMK**

BUSINESS

# Snowpea produced from hilly regions marketable in Mandalay

Snowpea from hilly regions flow into Thiri Marlar green grocery market in Aungmyethazan District of Mandalay with high trading, said U Aung Moe Naing, owner of Aung brokerage in Mandalay.

Currently, 3-4 truckloads of Snowpea flow into Mandalay market on a daily basis.

"Snowpea is produced by hilly regions, and the stock flows into Mandalay market daily. Sown acreage of Snowpea is lesser and lesser but trading of pea is high. Other vegetables such as tomato, cabbage, potato, mustard, carrot, long bean, bitter gourd, white mustard, reddish and onion are in high trading," he explained.

Farmers from hilly regions focus on cultivation of snowpea. At present, Thiri Marlar green grocery market is open from 4 am to 8 pm daily.

**SK**

RUSSIA

# Russian President Vladimir Putin pays state visit to Vietnam

In the early hours of Thursday morning, a plane carrying Vladimir Putin landed at Hanoi's Noi Bai International Airport, where the Vietnamese delegation welcomed him with a red carpet and a guard of honor.

Sputnik comes to you live as Russian President Vladimir Putin pays a state visit to Vietnam, where he hasn't been since 2017.

Later on Thursday, Putin is scheduled to meet with his Vietnamese counterpart To Lam, as well as General Secretary of the Central Committee of the Communist Party of Vietnam Nguyen Phu Trong, Prime Minister Pham Minh Chinh and Chairman of the National Assembly Tran Thanh Man.

The negotiations are expected to focus on various aspects of the bilateral relationship, including economic partnership, trade, and scientific and technological cooperation.

Putin's trip to Vietnam comes shortly after his state visit to North Korea, where he was hosted by the country's leader Kim Jong Un and signed a comprehensive partnership agreement.

**Sputnik**

PAKISTAN

# Poliovirus detected in sewage samples of 7 infected districts of Pakistan




**Poliovirus detected in sewage samples of 7 infected districts of Pakistan.**

Wild poliovirus type 1 has been detected in sewage samples of seven already infected districts of Pakistan, the Pakistani Health Ministry said Thursday.

Nine environmental samples collected between June 3 and June 4 from Quetta, Chaman, and Pishin districts of southwest Balochistan province, Hyderabad, Mirpur Khas, and Karachi Keamari districts of southern Sindh province and Peshawar district of northwest Khyber Pakhtunkhwa province, tested positive for the virus, the ministry said in a statement.

So far in 2024, five people were reported to have been infected from the virus.

This year the virus has been reported in 45 districts, including two districts where only polio cases have been positive, not sewage samples, said the statement.

The Pakistan Polio Program is implementing an intense vaccination schedule this year to curb the spread of the virus, it added.

The program has already conducted five polio vaccination campaigns, including two national campaigns as well as crucial polio campaigns ahead of the recent high-travel Muslim festival of Eid al-Adha, according to the ministry.

**Xinhua**

INDIA

# India to build a US$-9 bln Arabian sea port to bolster INSTC



India to build a US$-9 bln Arabian sea port to bolster INSTC.

The new port on India's western coast would aid export-import flows through the International North South Transport Corridor (INSTC) and the India-Middle East-Europe Economic Corridor (IMEC), according to a Cabinet statement.

India has approved a new greenfield port project at Vadhavan on the country's western coast in the state of Maharashtra, Information and Broadcasting Minister Ashwini Vaishnaw said on Wednesday evening.

The announcement was made after the federal cabinet, which is chaired by Prime Minister Narendra Modi, approved a development of the new port.

The "all-weather, deep-draft" port in the Palghar district on the Arabian Sea will be built at an estimated cost of nearly US$-9.1 billion and will rank among the world's 10 biggest port designs once it has been completed, a Cabinet statement reads.

The total project cost would include acquiring land, developing core and commercial infrastructure and terminals under a Public Private Partnership (PPP) mode. Spelling out the details of the draft, the Cabinet highlighted that it would comprise nine container terminals, each of them being 1,000-metre long, four multipurpose berths, a Ro-Ro berth and a dedicated berth of the Indian Coast Guard vessels.

**Sputnik**

ISRAEL

# Over 3,300-year-old cargo ship uncovered off Israel's coast

An over 3,300-year-old ship's cargo of hundreds of intact Canaanite storage amphorae was revealed at the bottom of the Mediterranean Sea, 90 km off Israel's coast, the Israel Antiquities Authority (IAA) and the London-based gas and oil company Energean said in a joint statement on Thursday.

The IAA said that under the cargo, found 1.8 km deep in the sea, is probably the skeleton of a 12-14 meter-long ship, as yet unexcavated, the oldest found in the world in the deep seas.

Last year, the ship was discovered by an underwater robot during a survey by Energean, which operates in the Israeli gas fields in the eastern Mediterranean.

Energean and the IAA recently conducted a complex operation to extract two sample amphorae from opposite ends of the ship to minimize disturbance to the intact assemblage of the ship and its cargo.

The IAA noted that the ship likely sank due to a storm or an attempted piracy attack, which were common events in the late Bronze Age.

Examination revealed that the amphora type found in the cargo was designed for efficiently transporting relatively cheap, mass-produced products such as oil, wine, and other agricultural goods like fruit.

The large quantity of amphorae on board indicates significant commercial ties between their country of origin and the ancient Near Eastern lands on the Mediterranean coast, the IAA said.

**Xinhua**

INDIA

# 37 killed, 100 hospitalised in India after consuming tainted bootleg liquor

At least 37 people were killed and around 100 others hospitalised following the consumption of tainted bootleg liquor in the southern Indian state of Tamil Nadu, local media reported Thursday.

The deaths have been reported from Kallakurichi town, about 244 km southwest of Chennai, the capital city of Tamil Nadu.

"Officials have confirmed the deaths of 37 people altogether after they consumed illicit liquor," a New Delhi-based television news channel NDTV said.

According to officials, the death toll is likely to go up owing to the critical condition of many people admitted in hospitals.

The state-run broadcaster All India Radio (AIR) said over 100 people are undergoing treatment at different hospitals.

The broadcaster said the district collector (seniormost official of the district) of Kallakurichi has been transferred and 10 other officials including a senior police officer have been suspended.

Police have arrested one person and detained two others in connection with the sale of illicit liquor.

According to local health officials, the deaths occurred because of high methanol content in the liquor.

On Thursday, Tamil Nadu Chief Minister M K Stalin ordered a thorough inquiry into the tragedy.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Exactly how heat stroke gradually destroys the body - and causes organ failure in just 15 minutes

- **Heat stroke can strike in minutes and be lethal at any age**



To prevent heat stroke, Dr Ziontz recommends staying well hydrated with water and sports drinks, especially if you're also drinking caffeine, which has dehydrating properties.

As temperatures soar across the US, experts are warning of the dangers of deadly heat stroke — which can start to develop after just 10 minutes of sitting outdoors in many parts of the country.

This week, meterologists sounded the alarm as swathes of the Northeast, Midwest, and even parts of Canada are set to face a 'dangerous' heat waveand heat indexes over 100 degrees Fahrenheit.

Already the leading weather-related killer in the US, the heat is leading officials to warn the millions in the heatwave's area to take the next few days' climate 'seriously,' or risk becoming one of the 700 Americans who die from it each year.

This week, two tourists, including one American, were found dead in Greece amid a 'history making' heat wave, with temperatures topping 109 F.

The human body has a narrow temperature window within which it can carry out vital functions, between roughly between 98°F (37°C) and 100°F (37.8°C).

Below, DailyMail.com breaks down exactly what happens in the average person's body from the second they step out into the blazing heat.

**Within 1 minute**

As soon as you step outside, the sun beams down on exposed skin, and you'll likely instantly begin sweating.

Dr Zachary Schlader, professor in the Department of Kinesiology at the Indiana University School of Public Health, told DailyMail.com: 'This is a completely normal response. Sweating is good in this instance.'

This fluid, which is mostly made of water but contains small amounts of hydrating salt, removes heat from the body and cools it down as it evaporates on the skin.

**2 minutes**

In cases of extreme heat, sweat can evaporates off the skin in as little as two minutes, as the body cannot produce enough sweat to cool down the body in time.

In an effort to keep up, the body starts a process called vasodilation, in which blood vessels open up and blood flow to the skin is increased.

This may prolong sweating for a couple of extra minutes, after which perspiration typically stops.

**5 to 10 minutes**

'The heart is going to start beating faster in five minutes,' Dr Ziontz said.

This is because as blood flow is redirected to the skin, it moves away from other vital organs like the heart. Blood pressure plummets, and the heart has to pump harder.

As blood leaves the brain to travel to the skin, someone on the road to heat stroke may experience symptoms like dizziness and confusion and may be prone to passing out.

**10 to 15 minutes**

According to the CDC, 10 to 15 minutes is when heat stroke truly sets in — unless you take vital steps such as drinking water and electrolytes like sports beverages, limit direct sun exposure, and avoid strenuous activities like exercising.

Water and sports drink help replenish fluids lost from sweating, while blocking sunlight can limit sunburn, which helps body temperature climb by searing the skin.


But if you find yourself without water or a shady area, at this point, Dr Schlader noted that blood and oxygen can get pulled away from the gut, making it more permeable or vulnerable.

**30+ minutes**

'There's a complete loss of body function,' Dr Ziontz said. At this point, the body's internal temperature has reached 106 F.

Dr Schlader compares the series of events to sepsis, the body's overreaction to an infection that can lead to total organ failure.

Additionally, a patient may experience rhabdomyolysis, the breakdown and potential death of musles.




**Being just two percent dehydrated is enough to trigger thirst. At four percent, the physical effects can be felt and the mouth becomes dry. Dehydration levels of eight to 14 percent pose a serious health risk and can cause death.**

**1 hour**

If a person suffering heat stroke is about to get emergency care, doctors immediately start working to cool them down.

Dr Ziontz estimates that it takes about a day or two of recovery time in the hospital for a patient to heal. 'It shouldn't be a very long hospital stay,' she said.

**Long-term effects**

'There really should be no permanent defects or deficits from heatstroke,' Dr Ziontz said. 'It should be recoverable.'

However, some recent studies have suggested that surviving heat stroke could have long-term effects.

**Mail Online**

# အနောက်နိုင်ငံများ၏ဖိအားများကိုမမှုဘဲ နိုင်ငံ့အကျိုးစီးပွားကိုဖော်ဆောင်နေသည့် ရုရှား

နိုင်အောင်

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အမေရိကန်ဦးဆောင်သည့် အနောက်နိုင်ငံများ၏ ဖိအားပေးမှုများရှိနေသည့်ကြားမှ နိုင်ငံတကာဆက်ဆံရေးကို ကောင်းစွာတည်ဆောက်၍ နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းရေးကို ဖော်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

လက်ရှိတွင်သမ္မတပူတင်သည် ဗီယက်နမ်နိုင်ငံသို့ နှစ်ရက်ကြာ တရားဝင်အလည်အပတ်ခရီးအဖြစ် ဇွန်လ ၂၀ရက် နံနက်ပိုင်းတွင် ရောက်ရှိလာခဲ့သည်။

သမ္မတပူတင်၏ အဆိုပါ ခရီးစဉ်သည် မြောက်ကိုရီးယားခရီးစဉ်အပြီး ရောက်ရှိလာခြင်းဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ သမ္မတပူတင်အနေဖြင့် ဗီယက်နမ်နှင့် မဟာဗျူဟာမြောက် ဘက်စုံမိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်ရန်ဖြစ်သည်။

မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက်ဘက်စုံမိတ်ဖက်ဆက်ဆံရေး တိုးမြှင့်နိုင်ခြင်းသည် ရုရှားအစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ရုရှားနှင့် ဗီယက်နမ်တို့အကြား ကုန်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးများကိုပါ မြှင့်တင်သွားမည်ဖြစ်သည်။

ရုရှားနှင့် ဗီယက်နမ်နှစ်နိုင်ငံသည် ယခုနှစ်အတွင်းမှာပင် ချစ်ကြည်ရင်းနှီးမှုရှိသည့် ဆက်ဆံရေးတည်ထောင်ခြင်း အနှစ် ၃၀ မြောက်နှစ်ပတ်လည်အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

စင်စစ်တွင် ရုရှားနှင့် ဗီယက်နမ်တို့သည် နိုင်ငံရေးဆိုင်ရာ ဆက်ဆံမှုများကို နှစ်နိုင်ငံစလုံးမှ လွှတ်တော်များ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများသာမက ဒေသတွင်းအာဏာပိုင်အဖွဲ့အစည်းများကြား ပုံမှန်လုပ်ဆောင်ခဲ့ကြပြီး အဓိပ္ပာယ်ရှိသော ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့ကြသည်။

သမ္မတပူတင်သည် ၎င်း၏ ဗီယက်နမ်ခရီးစဉ်တွင် ဗီယက်နမ်သမ္မတ တိုလမ်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကြားကုန်သွယ်ရေးနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့သည်။



ရုရှား-ဗီယက်နမ်နှစ်နိုင်ငံကြား ကုန်သွယ်မှုသည် ပြီးခဲ့သည့်နှစ်အတွင်း၌ ၈ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့သည်။ ထို့ပြင် ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် အာရှ-ပစိဖိတ်ဒေသတွင် နိုင်ငံရေးအရ အားပြိုင်မှုများနှင့် ရင်ဆိုင်နေရသည့်အခြေအနေတွင် တူညီမှုရှိပြီး ယူကရိန်းပဋိပက္ခတွင် ဗီယက်နမ်အစိုးရ၏ ဟန်ချက်ညီမျှသည့်ရပ်တည်မှုအတွက် ရုရှားနိုင်ငံက ကျေးဇူးတင်ရှိကြောင်း သမ္မတပူတင်ကပြောကြားသည်။

သမ္မတပူတင်၏ ဗီယက်နမ်ခရီးစဉ်သည် ရုရှားနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံ့အကျိုးစီးပွား တိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ အကြောင်းမှာ ရုရှားနိုင်ငံသည် လက်ရှိတွင် အမေရိကန်အပါအဝင် အနောက်နိုင်ငံများ၏ တစ်ဖက်သတ်ပိတ်ဆို့မှုများကိုသာမက နိုင်ငံ့စီးပွားရေးကို ချည့်နဲ့စေရန်အတွက် ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရခြင်းကြောင့်ဖြစ်သည်။

ထိုသို့သော အခြေအနေမျိုးတွင် ရုရှားသမ္မတပူတင်သည် အမေရိကန်ကဲ့သို့သော နိုင်ငံမျိုးနှင့် ဆက်ဆံရေးကောင်းမွန်နေသည့် ဗီယက်နမ်သို့ သွားရောက်လည်ပတ်၍ ဆက်ဆံရေးတိုးမြှင့်နိုင်ခဲ့ခြင်းသည် ရုရှားနိုင်ငံအတွက် ထူးခြားသည့်ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ထွက်ပေါ်လာခဲ့သည်။ ပို၍ထူးခြားသည့်အချက်မှာ ရုရှားနှင့် ဗီယက်နမ်တို့အကြား မိတ်ဖက်ဆက်ဆံရေးကိုသာမက လုံခြုံရေးကဏ္ဍတွင်ပါ ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ရန် ဗီယက်နမ်အစိုးရက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံရေးစင်မြင့်အထက်တွင် အရေးပါသည့်ကဏ္ဍတွင် ပါဝင်နေပြီး အရေးကြီးလှသည့်ရလဒ်များထွက်ပေါ်လာစေရန် လုပ်ဆောင်နိုင်မှုအပေါ် ဂုဏ်ယူကြောင်း ဗီယက်နမ်က ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံသည် မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြောက်ကိုရီးယားနှင့်လည်း ဆက်ဆံရေးကို တိုးမြှင့်နိုင်ခဲ့သည့်အပြင် လုံခြုံရေးအရ အပြန်အလှန်အကူအညီပေးနိုင်မည့် သဘောတူညီချက်တစ်ရပ်ကို ယခုရက်သတ္တပတ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်ကိုတွေ့ရသည်။

ရုရှားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံကြား မဟာဗျူဟာမြောက် ဘက်စုံမိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်တစ်ရပ်ကို ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်တို့က ဇွန်လ ၁၉ ရက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အကယ်၍ ပြည်ပနိုင်ငံတစ်နိုင်ငံ၏ ကျူးကျော်ရန်စမှုကို ရင်ဆိုင်ရပါက လုံခြုံရေးအရ အပြန်အလှန်အကူအညီပေးမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားနိုင်ငံအပေါ် အစဉ်တစိုက် ထောက်ခံလျက်ရှိသည့် မြောက်ကိုရီးယားနိုင်ငံအား ကျေးဇူးတင်ရှိကြောင်း သမ္မတပူတင်က ပြောကြားသည်။

အလားတူပင် ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေစည်းလုံးမှုနှင့် လုံခြုံရေးအကျိုးစီးပွားများကို ကာကွယ်ရန်အတွက် ဆင်နွှဲနေသည့် အထူးစစ်ဆင်ရေးတွင် ရုရှားအစိုးရ၊ တပ်မတော်နှင့် ရုရှားပြည်သူတို့အား အပြည့်အဝထောက်ခံကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်က တုံ့ပြန်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် လက်ရှိတွင် အနောက်နိုင်ငံများ၏ ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသည်။ အထူးသဖြင့် အနောက်နိုင်ငံများသည် ရုရှားအားတိုက်ခိုက်ရန်အတွက် ယူကရိန်းသို့ စစ်လက်နက်အများအပြားထောက်ပံ့ပေးနေသည့်အပြင် ယခုအခါ ရုရှားနိုင်ငံအတွင်းသို့ တိုက်ခိုက်ရန်အတွက် အနောက်နိုင်ငံများက ထောက်ပံ့ပေးထားသည့် စစ်လက်နက်များအား အသုံးပြုရန် အနောက်နိုင်ငံအချို့က ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ ဤကား စစ်ရေးဖိအားသာရှိသည်။

စီးပွားရေးပိတ်ဆို့မှုများဟူသော ဖိအားများလည်း ရှိနေသေးသည်။ သို့သော် ရုရှားအစိုးရအနေဖြင့် အဆိုပါဖိအားပေးမှုများကို အမှုမထားဘဲ ကောင်းမွန်သော နိုင်ငံတကာဆက်ဆံရေးနှင့် စမတ်ပါဝါကို အသုံးပြုခြင်းအားဖြင့် နိုင်ငံ့အကျိုးစီးပွားကို ဖော်ဆောင်နေခြင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

*Ref: Sputnik*

---

ဘေရွတ်၊ စစ်ရေး

## နိုင်ငံတောင်ပိုင်းအား တိုက်ခိုက်မှုကိုတုံ့ပြန်သည့်အနေဖြင့် အစ္စရေးမြောက်ပိုင်းသို့ တိုက်ခိုက်ဟု ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့ပြော



အစ္စရေးစစ်ဘက်က နိုင်ငံတောင်ပိုင်းတွင် လေကြောင်းမှတိုက်ခိုက်မှုလုပ်ဆောင်ခဲ့မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ဇွန်လ ၂၀ ရက်တွင် အစ္စရေးနိုင်ငံ မြောက်ပိုင်းသို့ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့က ပြောသည်။

အစ္စရေးစစ်ဘက်၏ လေကြောင်းမှတိုက်ခိုက်မှုအတွင်း ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့မှုအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံအတွင်းသို့ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့တိုက်ခိုက်မှုအပေါ် လက်တုံ့ပြန်မည်ဖြစ်ကြောင်း ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့အကြီးအကဲ ဟက်ဆန်နာဆရယ်လာက ဇွန်လ ၁၉ ရက်တွင် သတိပေးခဲ့ပြီးနောက် အစ္စရေးအား တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်သည်။


အစ္စရေးနှင့် လက်ဘနွန်ရှိ ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့ကြား စစ်ရေးတင်းမာမှုများသည် အစ္စရေးစစ်ဘက်က ပါလက်စတိုင်းရှိ ဟားမက်စ်စစ်သွေးကြွများအား စတင်တိုက်ခိုက်ခဲ့သည့်အချိန်မှစ၍ မြင့်တက်လာခြင်းဖြစ်သည်။

ဟစ်ဇဘိုလာပြောက်ကျားတပ်ဖွဲ့သည် ဟားမက်စ်အဖွဲ့နှင့် မဟာမိတ်ဖွဲ့ထားသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဒေသတွင်း အင်အားကြီးထွားလာသည့် အီရန်က ထောက်ပံ့ပေးထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်းသိရသည်။

*Ref: ST*

ဝါရှင်တန်၊ နိုင်ငံရေး

## အမေရိကန်သမ္မတရွေးကောက်ပွဲ၌ မည်သူအနိုင်ရမည်ကို တရုတ်စိုးရိမ်ပူပန်ခြင်းမရှိဟုဆို



အမေရိကန်ပြည်ထောင်စုတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ မည်သူအနိုင်ရရှိသည်ဖြစ်စေ တရုတ်နိုင်ငံကစိုးရိမ်ပူပန်ခြင်းမရှိကြောင်း အမေရိကန်ထောက်လှမ်းရေးများက ပြောသည်။

အမေရိကန်တွင် လာမည့်ရက်သတ္တပတ်အတွင်း၌ လက်ရှိသမ္မတ ဂျိုးဘိုင်ဒင်နှင့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်တို့ကြား သမ္မတရွေးကောက်ပွဲ၏ ပထမဆုံးအကြိမ်အဖြစ် စကားစစ်ထိုးမည်ဖြစ်သည်။ ယင်းမတိုင်မီ အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများက အမေရိကန်ရွေးကောက်ပွဲအပေါ် တရုတ်နိုင်ငံ၏သဘောထားကို အကဲဖြတ်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ မည်သည့်ကိုယ်စားလှယ်လောင်းအပေါ် ပိုမိုနှစ်သက်သဘောကျသည့် အရိပ်အယောင်မရှိကြောင်း အမည်မဖော်လိုသည့် အမေရိကန်အရာရှိများက ပြောသည်။

ထို့ပြင် အမေရိကန်နှင့်တရုတ်တို့ကြား အဆင့်မြင့်အရာရှိများကြား တွေ့ဆုံမှုများ လုပ်ဆောင်ခဲ့သော်လည်း နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်တင်းမာမည့် အလားအလာရှိသည်ဟု တရုတ်အစိုးရက ယူဆလျက်ရှိကြောင်း သိရသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ကြမည့် လက်ရှိသမ္မတ ဘိုင်ဒင်နှင့် ထရမ့်တို့နှစ်ဦးစလုံးသည် တရုတ်နိုင်ငံအား ထိန်းချုပ်နိုင်ရေးနှင့် တရုတ်အင်အားကြီးထွားလာခြင်းကို ဟန့်တားလိုသူများသာဖြစ်သည်ဟု တရုတ်ကရှုမြင်နေကြောင်း တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့သည့် တရုတ်အရာရှိများ၏ ပြောဆိုချက်နှင့် အမေရိကန်ထောက်လှမ်းရေးအဖွဲ့ကချမှတ်ခဲ့သည့် သုံးသပ်ချက်တို့မှာ ကိုက်ညီလျက်ရှိကြောင်းသိရသည်။

ထို့ပြင် ဘိုင်ဒင်နှင့်ထရမ့်နှစ်ဦးစလုံးသည် ပြီးပြည့်စုံသည့် ကိုယ်စားလှယ်လောင်းများမဟုတ်ကြောင်း၊ ဘိုင်ဒင်သည် စစ်အေးခေတ် စစ်သည်တော်တစ်ဦးဖြစ်ပြီး ၎င်းသည် ကမ္ဘာကြီးအား ပဋိပက္ခအတွင်းဆွဲသွင်းရန် ဝန်လေးသူမဟုတ်ကြောင်း၊ ထို့ပြင် ထရမ့်သည် အမေရိကန်ဦးစားပေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ရန်အတွက် တရုတ်နိုင်ငံအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုများနှင့် ပိတ်ဆို့မှုများကို ချမှတ်နိုင်ဖွယ်ရှိကြောင်း တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်အတွက် စကားပြန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တရုတ်သံတမန်တစ်ဦးဖြစ်သူ ကောင်းကျိုက်ပိုင်က ပြောကြားထားသည်။

အမေရိကန်ပြည်ထောင်စုတွင် သမ္မတရွေးကောက်ပွဲကို ယခုနှစ် နိုဝင်ဘာလ ၅ ရက်၌ ကျင်းပရန်စီစဉ်ထားကြောင်းသိရသည်။

*Ref: ST*

ဘဂ္ဂဒက်၊ စစ်ရေး

## လေကြောင်းတိုက်ခိုက်မှုအတွင်း IS စစ်သွေးကြွအဖွဲ့ဝင်သုံးဦးသေဆုံးဟု အီရတ်စစ်ဘက်ပြော

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဇွန်လ ၂၀ ရက်က လုပ်ဆောင်ခဲ့သည့် လေကြောင်းမှတိုက်ခိုက်မှုအတွင်း IS စစ်သွေးကြွအဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ကြောင်း အီရတ်စစ်ဘက်ကပြောသည်။

အီရတ်စစ်လေယာဉ်များသည် ထောက်လှမ်းရေးသတင်းများအပေါ် အခြေခံ၍ ကာကွတ်ပြည်နယ် ဝါဒီအယ်လ်ရှေဒေသရှိ စစ်သွေးကြွအဖွဲ့၏ ပစ်မှတ်များအပေါ် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၃၀ မိနစ်ခန့်က လေကြောင်းမှတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အီရတ်စစ်လေယာဉ်များသည် စစ်သွေးကြွအဖွဲ့ဝင်များက အသုံးပြုနေသည့်အနီးအနားရှိ ဥမင်လိုဏ်ခေါင်းများအပေါ်သို့လည်း လေကြောင်းမှတိုက်ခိုက်ခဲ့ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေးဌာနချုပ်နှင့်ဆက်နွယ်သည့် မီဒီယာတစ်ခုကထုတ်ပြန်သည်။

အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေများသည် IS စစ်သွေးကြွအဖွဲ့အား ၂၀၁၇ ခုနှစ်တွင် အပြီးသတ်နှိမ်နင်းပြီးချိန်မှစ၍ ပိုမိုကောင်းမွန်တိုးတက်လာခဲ့သော်လည်း စစ်သွေးကြွအဖွဲ့မှ အကြွင်းအကျန်စစ်သွေးကြွအဖွဲ့ဝင်များသည် မြို့ပြဒေသများအတွင်းသို့ ထိုးဖောက်ဝင်ရောက်ပြီး လုံခြုံရေးအဖွဲ့ဝင်များနှင့် အရပ်သားများအား အကြမ်းဖက်တိုက်ခိုက်လေ့ရှိကြောင်း သိရသည်။

*Ref: Xinhua*



ဟေဖေး၊ သဘာဝဘေး

## တရုတ်နိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံး

တရုတ်နိုင်ငံအရှေ့ပိုင်း အန်းဟွီးပြည်နယ်၌ ဇွန်လ ၂၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

မိုးသည်းထန်စွာရွာသွန်းမှုသည် ဟွမ်ရှန်းမြို့၌ ဇွန်လ ၁၉ ရက် ညပိုင်းမှစ၍ ဇွန်လ ၂၀ ရက်နံနက်ပိုင်းအထိ ဖြစ်ပွားခြင်းဖြစ်ပြီး ဒေသခံ ၂၁၀၀ ကျော်အား တာဝန်ရှိသူများက ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး အခြားဒေသခံ ၂၀၀ ကျော်မှာ အရေးပေါ်ကယ်ဆယ်မှုများလိုအပ်လျက်ရှိကြောင်း သိရသည်။

မြို့တော်အာဏာပိုင်အဖွဲ့သည် နောက်ပိုင်းတွင် ရေကြီးမှုထိန်းချုပ်တုံ့ပြန်ရေးဆိုင်ရာအရေးပေါ်အခြေအနေကို အဆင့်သုံးမှ အဆင့်နှစ်သို့ တိုးမြှင့်ခဲ့ရသည်။ တရုတ်နိုင်ငံတွင် ရေကြီးမှုထိန်းချုပ်ရေးအတွက်အဆင့်လေးဆင့်သတ်မှတ်ထားပြီး အဆင့်တစ်မှာ အဆိုးရွားဆုံးအဆင့်ဖြစ်ကြောင်း သိရသည်။

*Ref: Xinhua*



ဒူဘိုင်း၊ စစ်ရေး

## အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်သည့်ကနေဒါအား အီရန်ပြစ်တင်ရှုတ်ချ



အီရန်နိုင်ငံ၏ အစွလမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ကနေဒါနိုင်ငံက သတ်မှတ်ခဲ့ခြင်းအပေါ် အီရန်က ပြစ်တင်ရှုတ်ချလိုက်ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာတစ်ခုက ဇွန်လ ၂၀ ရက်တွင် ဖော်ပြသည်။

အီရန်ရှိ အစ္စလမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် ကနေဒါနိုင်ငံက သတ်မှတ်လိုက်ခြင်းသည် ယင်းအဖွဲ့၏တရားဝင်မှုနှင့်တားဆီးရေးစွမ်းဆောင်ရည်တို့အပေါ် ထိခိုက်ခြင်းမရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နက်ဆာကာနာနီက ပြောသည်။

အစ္စလမ်မစ်တော်လှန်ရေး အစောင့်တပ်ဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် ကနေဒါအစိုးရက ဇွန်လ ၁၉ ရက်တွင်သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံအတွင်းနေထိုင်လျက်ရှိသည့် အီရန်စစ်ဘက်မှ အငြိမ်းစားအရာရှိကြီးတစ်ဦးအား စုံစမ်းစစ်ဆေးလျက်ရှိသည်။

အလားတူပင် အမေရိကန်ပြည်ထောင်စုကလည်း အစ္စလမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် ၂၀၁၉ ခုနှစ်တွင် တရားဝင်သတ်မှတ်ခဲ့ပြီး ယင်းအဖွဲ့သည် တစ်ကမ္ဘာလုံးတွင် အကြမ်းဖက်မှုများလုပ်ဆောင်နေသည်ဟု အနောက်နိုင်ငံများက စွပ်စွဲထားသည်။

အဆိုပါစွပ်စွဲချက်များကို အီရန်ကပယ်ချထားပြီး အစ္စလမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့သည် နိုင်ငံ၏လုံခြုံရေးကိုကာကွယ်နေသည့် အချုပ်အခြာအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ဟု တုံ့ပြန်ပြောကြားခဲ့ကြောင်းသိရသည်။

*Ref: ST*

# "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" အသိပညာပေး ဆိုင်းဘုတ် (Billboard) စိုက်ထူ

**နေပြည်တော် ဇွန် ၂၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး ပြည်သူများသို့ အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် နေပြည်တော်မြို့ပတ်လမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးငွေးလှိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးငွေးလှိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်တို့က ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ပြည်သူများသိရှိနိုင်စေရန်အတွက် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းလက်ကမ်းစာစောင်များနှင့်လုံ့ဆော်ရေး အထောက်အကူပြုပစ္စည်းများကို တက်ရောက်လာကြသူများထံ ဖြန့်ဝေပေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာသူများနှင့်အတူ မြေစိုက်ပိုစတာစိုက်ထူပွဲ အထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် နေပြည်တော်အားကစားအသင်းများ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီးအဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက နေပြည်တော်အားကစားအသင်းများ အားကစားနည်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်မည့်အခြေအနေနှင့် အားကစားသမားများ ရွေးချယ်မှု၊ လေ့ကျင့်မှုနှင့်အောင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့်ကော်မတီဥက္ကဋ္ဌများက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် နေပြည်တော်အားကစားအသင်းများ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းစွမ်းရတနာခန်းမ၌ ကျင်းပသည့် နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်ပညာရေးမှူး ဦးတင်ဆန်းက ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းတက်ရာခိုင်နှုန်း၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများနှင့် မြို့နယ်အတွင်း ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေကိုလည်းကောင်း၊ ထက်၊ လယ်၊ မူကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက သက်ဆိုင်ရာကျောင်းများအလိုက် ပညာသင်ကြားပေးနေမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုစန်းထံ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ၊ ကျောင်းသား၊ကျောင်းသူများအတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးရှိ မေတ္တာကန်သို့ရောက်ရှိပြီး အများပြည်သူ အပန်းဖြေအနားယူနိုင်ရန် ဆောင်ရွက်ထားရှိမှုနှင့် ကန်ပတ်ဝန်းကျင်တွင် ရာသီအလိုက်ပန်းပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် ဇွန် ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Win Motor Myanmar Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW VOLKSWAGEN ID-4 နှင့် LIVAN MAPLE 60S အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ၊ Earth Renewable Energy Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် WULING BINGO အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Grand Sirius Co.,Ltd. မှ တင်သွင်းလာသည့် တရုတ်နိုင်ငံထုတ် NETA AYA အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

## အဝေးသင်သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံနှိုးဆော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**အဝေးသင်သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံနှိုးဆော်ခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ်အဝေးသင်သင်တန်းကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၃ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၂၈-၆-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၅-၂-၂၀၂၄ ရက်နေ့မှ စတင်လက်ခံခဲ့ရာ ၂၈-၆-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင်ဆောင်ရွက်ကြရန်ထပ်မံနှိုးဆော်လိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊**
**ပညာရေးဝန်ကြီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့်၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Aye Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ တွင်းလပ်နေ ကျော်အေးလွင်အား နံနက် ၁၀ နာရီခွဲတွင် ချောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**(၁၀၀)**

ရန်ကုန်  ဇွန်  ၂၀

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် သဃ်န်းကျွန်းခရိုင်အသင်းဗိုလ်စွဲ



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲတွင် သဃ်န်းကျွန်းခရိုင်အသင်းကအလုံခရိုင်အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲအပြီး ဆုပေးပွဲကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရ သဃ်န်းကျွန်းခရိုင်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဖလားချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ ယင်းပြိုင်ပွဲကို ဇွန်လ ၄ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး နေပြည်တော်တွင် ဩဂုတ်လ ၁ ရက်မှ ၁၅ ရက်အထိကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ယခုပြိုင်ပွဲမှ အကောင်းဆုံးအားကစားသမားများကိုရွေးချယ်ပြီး ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းခန့်**

နေပြည်တော်  ဇွန်  ၂၀

# ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာရှိ တန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းများကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုအားပေး

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာ၌ဖွင့်လှစ်ခဲ့သော တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း တက်ရောက်အောင်မြင်ပြီးသူများ၏တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် သင်တန်းအောင်မြင်ပြီးသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ တန်ဖိုးမြင့်ထုတ်ကုန်များတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသနှင့်ကိုက်ညီသောသင်တန်းများကိုလည်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းပြောကြားပြီး သင်တန်းသူများ၏ တန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းများကိုလှည့်လည်ကြည့်ရှုအားပေးသည်။

လက်ပံပျားကျေးရွာမှ သင်တန်းဆင်းများစုပေါင်း၍ ပြည့်ဖြိုးလေး၊ နယူးပါဝါ၊ မြ A ကရီ၊ ကောင်းသန့် အမှတ်တံဆိပ်တို့ဖြင့် စာလေးခွေ၊ ကောက်ညှင်းပဲပုပ်ကြော်၊ မြေပဲဂျိုးဖြူကြော်၊ မြေပဲဆားလှော်၊ အာလူးကြော်တို့ကို ထုတ်လုပ်ရောင်းချလျက်ရှိရာထုပ်ပိုးမှုနည်းစနစ်ကောင်းမွန်ရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် ကျောက်အိုးကျေးရွာသို့ သွားရောက်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းသို့ ဆက်သွယ်နိုင်သောကျေးရွာအဝင်လမ်း အရှည် ၁ မိုင် ကျောက်ချောခင်းနေမှုကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျောက်အိုးကျေးရွာအနေဖြင့် စက်မှုကုန်ကြမ်းသီးနှံ ဝါနှင့် ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အထွက်နှုန်းတိုးရေးနှင့် အဆင့်မီဝါများရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



နေပြည်တော်  ဇွန်  ၂၀

# ၂၀၂၄ ခုနှစ် ဇွန်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၅ ပေမှ ၈ ပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့နှင့် ရွှေစာရံတို့တွင် ၁ ပေမှ ၃ ပေခန့်နှင့် မြစ်ငယ်မြို့တွင် ၅ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **(မိုး/ဇလ)**

ထားဝယ်  ဇွန်  ၂၀

# ရေဖြူမြို့နယ် ကျောက်ရှပ်တိုးချဲ့ကျေးရွာ ရေတားတမံ တည်ဆောက်ခြင်း ရာနှုန်းပြည့်ပြီးစီး

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျောက်ရှပ်တိုးချဲ့ကျေးရွာ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ရေဖြူမြို့နယ် ကျောက်ရှပ်တိုးချဲ့ကျေးရွာတွင် ရေတားတမံတည်ဆောက်ခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မေလ ၅ ရက်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်ရှပ်တိုးချဲ့ကျေးရွာတွင် အလျားပေ ၃၀၊ အနံ ၃ ပေ၊ အမြင့် ၆ ပေရှိ ရေဂါလန်ပေါင်း ၂ ဒသမ ၃ သန်းသိုလှောင်ထားနိုင်ရန် ရေတားတမံဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ယင်းကျေးရွာရှိ အိမ်ခြေ ၇၆ အိမ်၊ လူဦးရေ ၃၈၀ နှင့် ကျွဲနွားတိရစ္ဆာန်များ ရာသီမရွေးသောက်သုံးရေလုံလောက်စွာရရှိပြီဖြစ်ကြောင်း ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဦးအောင်ထံမှ သိရသည်။

**ဇော်မျိုး(မြဝတီ)**

နေပြည်တော်  ဇွန်  ၂၀

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။ **(မိုး/ဇလ)**

မိတ္ထီလာ၊ လူမှုရေး

# ကျေးလက်ကုန်ထုတ်လမ်းများ သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့်တွေ့ဆုံဆွေးနွေး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီပြီးစီးနိုင်ရေး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မလှိုင်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့တွင် ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်သွားမည့်အခြေအနေနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် သက်ဆိုင်ရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက လမ်းဒီဇိုင်းနှင့် အကြံပြုချက်များအား ရှင်းလင်းတင်ပြပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြဆောင်ရွက်သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မလှိုင်မြို့နယ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆ ဒသမ ၄၅၆ သန်းဖြင့် အရှည် ၁/၅ မိုင်ရှိ မြို့ကုန်းကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အနက် ၃ ပေရှိ Slab culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် ပြည့်ဝကုမ္ပဏီက ဆောင်ရွက်မည်ဖြစ်ပြီး ဝမ်းတွင်းမြို့နယ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၁ ဒသမ ၉၉ သန်းဖြင့် အရှည် ၁/၅ မိုင်ရှိ ပျားစွဲ(အနောက်) ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အနက် ၃ ပေရှိ Slab culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် Myanmar New Power ကုမ္ပဏီတို့က ဆောင်ရွက်မည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းထံမှ သိရသည်။(၆၀၂)

မြစ်ကြီးနား၊ လူမှုရေး

# ယာယီနေရပ်စွန့်ခွာသူ ပြည်သူများအား အခြေခံစားသောက်ကုန်များပေးအပ်



ကချင်ပြည်နယ်အတွင်း ဝိုင်းမော်မြို့နယ်မှ ဒေသခံပြည်သူများ ယာယီနေရပ်စွန့်ခွာသူစခန်းများသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိရာ ကချင်ပြည်နယ်အစိုးရမှ ယာယီနေရပ်စွန့်ခွာသူ ပြည်သူများအား အခြေခံစားသောက်ကုန်များ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ပံ့ပိုးငွေများပေးအပ်လျက်ရှိရာ ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ဧရာရပ်ကွက် စုပေါင်းရုံးအတွင်းရှိ မနောရွှေပြည်ခန်းမ၌ ယာယီနေရပ်စွန့်ခွာသူ ပြည်သူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှ အခြေခံစားသောက်ကုန် ပံ့ပိုးပေးအပ်ပွဲကျင်းပသည်။ ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်ကအဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဝိုင်းမော်မြို့နယ်မှ ယာယီနေရပ်စွန့်ခွာသူ ပြည်သူများအား ဆန်နှင့်အသင့်စား ခေါက်ဆွဲခြောက်များ၊ အခြေခံစားသောက်ကုန်များအား ပံ့ပိုးပေးအပ်ရာ ယာယီနေရပ်စွန့်ခွာသူ ပြည်သူများက လက်ခံရယူကြပြီး ယာယီနေရပ်စွန့်ခွာသူပြည်သူများကိုယ်စား ဦးဆာမူးခေးက ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ (၄၀၃)

မန္တလေး၊ ကျန်းမာရေး

# ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် Helping Hands Club တို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန်လ ၁၉ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ Ayeyarwaddy International School ခန်းမ၌ကျင်းပကြောင်းသိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးခိုင်၊ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် ကော်မတီဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ ကျောင်းအုပ်ကြီးက သင်တန်းဆရာများအား အမှတ်တရလက်ဆောင်များပေးအပ်သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး၊ ဒုတိယတိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့မှူး၊ ချမ်းအေးသာစံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှနည်းပြများက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့်ရည်ရွယ်ချက်များ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်းဘာသာရပ်များအား စာတွေ့လက်တွေ့ ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# ယူရို ၂၀၂၄ ပြိုင်ပွဲနှင့် ကိုပါအမေရိကဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

စည်သူအောင်



### ပိုလန် Vs ဩစတြီးယား

**(၂၁-၆-၂၀၂၄ ည ၁၀း၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပိုလန် ၀ - ၀ ဩစတြီးယား**

**နောက်ဆုံးသုံးပွဲအနိုင်၊အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ပိုလန် | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဩစတြီးယား | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(ရှုံး) |

နှစ်သင်းစလုံး အဖွင့်ပွဲစဉ်မှာ ကိုယ်စီရှုံးပွဲတွေ့ကြုံထားလို့ အခုပွဲစဉ်မှာ အနိုင်ရရှိမှသာ ရှုံးထွက်အဆင့်တက်ရောက်ဖို့မျှော်လင့်နိုင်မှာဖြစ်လို့ အမှားခံလို့မဖြစ်တော့ပါဘူး။ ပိုလန်အသင်းတိုက်စစ်ပိုင်းမှာ အဓိက ကစားသမား လီဝန်ဒေါ်စကီးပြန်လည်ပါဝင်လာနိုင်လို့ တိုက်စစ်ပိုင်းက ပိုမိုအားကောင်းလာနိုင်ပါတယ်။ လက်ရှိ ပိုလန်အသင်းကစားသမားစာရင်းမှာလည်း ဥရောပထိပ်တန်းကလပ်အသင်းကြီးတွေမှာ ကစားနေတဲ့ ကစားသမားအများစုပါဝင်နေလို့ ဩစတြီးယားအသင်းထက် အသာစီးမှာရှိနေပါတယ်။

ဩစတြီးယားအသင်းကလည်း အဖွင့်ပွဲစဉ်မှာ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် ကစားပုံကတော့ ကောင်းမွန်ပါတယ်။ ဒါပေမဲ့ ခံစစ်ပိုင်း လိုအပ်ချက်တွေရှိနေလို့ တိုက်စစ်ပိုင်းအားကောင်းတဲ့ ပိုလန်အသင်းကို ထိန်းချုပ်ဖို့တော့ ခက်ခဲမှာပါ။

တွေ့ဆုံမှုပိုင်းမှာလည်း ဩစတြီးယားအသင်းက တစ်ကြိမ်မှ အနိုင်ရဖူးခြင်းမရှိတာကြောင့် ရှုံးထွက်အဆင့်တက်ရောက်ဖို့ မျှော်လင့်ချက်အတွက် မဖြစ်မနေအနိုင်ရလဒ်ရရှိအောင် ကြိုးစားလာမယ့် ပိုလန်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- ပိုလန် ၁-၀ ဩစတြီးယား

### နယ်သာလန် Vs ပြင်သစ်

**(၂၂-၆-၂၀၂၄ နံနက် ၁း၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နယ်သာလန် ၁ - ၂ ပြင်သစ်**

**နောက်ဆုံးသုံးပွဲအနိုင်၊အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| နယ်သာလန် | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ပြင်သစ် | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |

နှစ်သင်းစလုံး အုပ်စုအဖွင့်ပွဲစဉ်တွေမှာ ကိုယ်စီနိုင်ပွဲရယူထားနိုင်လို့ အခုပွဲစဉ်မှာပါ ထပ်မံအနိုင်ရရှိမယ်ဆိုရင် ရှုံးထွက်အဆင့်တက်ရောက်ဖို့ သေချာသလောက်ရှိသွားမှာဖြစ်လို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ နယ်သာလန်အသင်းက အဖွင့်ပွဲစဉ်မှာ ပိုလန်အသင်းကိုအနိုင်ရရှိခဲ့တယ်ဆိုပေမယ့် ခက်ခက်ခဲခဲနောက်ကနေလိုက်ကစားပြီးမှ အနိုင်ရရှိခဲ့တာပါ။ နယ်သာလန်အသင်းက တိုက်စစ်ပိုင်းအားကောင်းတဲ့ အသင်းတွေနဲ့တွေ့ဆုံရင် ရုန်းကန်နေရလို့ အမ်ဘတ်ပီ၊ ဂရစ်ဇ်မန်းနဲ့ ဒမ်ဘီလီတို့ဦးဆောင်လာမယ့် ပြင်သစ်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့တော့ ခက်ခဲမှာပါ။ ဒ့ါပြင် နယ်သာလန်အသင်းက ပြင်သစ်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ပွဲစဉ်တိုင်းမှာ ရုန်းကန်ရလေ့ရှိသလို အခုပွဲစဉ်မှာလည်း ခက်ခဲမှာပါ။

ချန်ပီယံဆုအတွက် ရေပန်းစားနေတဲ့ ပြင်သစ်အသင်းအနေနဲ့ ရှုံးထွက်အဆင့်တက်ရောက်ဖို့ အခုပွဲစဉ်ကို မဖြစ်မနေအနိုင်ရလဒ်အတွက် ပြင်ဆင်လာမှာပါ။ လက်ရှိ ပြင်သစ်အသင်းရဲ့ ကစားသမားစုဖွဲ့မှုပိုင်းနဲ့ ခြေစွမ်းပိုင်းကလည်း နယ်သာလန်အသင်းကို အနိုင်ရယူဖို့ ခက်ခဲမှာမဟုတ်ပါဘူး။ ပြင်သစ်အသင်းက နယ်သာလန်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ရှစ်ကြိမ်မှာ ခုနစ်ကြိမ်အနိုင်ရရှိထားပြီး တစ်ကြိမ်သာရှုံးနိမ့်ထားပါတယ်။ လက်ရှိပြင်သစ်အသင်းရဲ့ ပွဲထွက်ကစားသမားစာရင်းမှာလည်း ဥရောပထိပ်တန်းအသင်းကြီးတွေမှာ ခြေစွမ်းပြကစားနေသူတွေပါဝင်နေပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုတိုင်းမှာ အသာစီးရရှိထားတဲ့ ပြင်သစ်အသင်းရလဒ်ကောင်းမှာပါ။

ခန့်မှန်းရလဒ်- နယ်သာလန် ၁ - ၂ ပြင်သစ်

### ပီရူး Vs ချီလီ

**(၂၂-၆-၂၀၂၄ နံနက် ၆း၃၀ နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ချီလီ ၂ - ၀ ပီရူး**

**နောက်ဆုံးသုံးပွဲအနိုင်၊အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ပီရူး | အိမ်(နိုင်) | အိမ်(သရေ) | အိမ်(နိုင်) |
| ချီလီ | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ဒေသတွင်းကလပ်အသင်းတွေမှာ ကစားနေတဲ့ ကစားသမားအများစုနဲ့ဖွဲ့စည်းထားတဲ့ ပီရူးအသင်းအတွက် ဒီအုပ်စုမှာ အားအနည်းဆုံးအသင်းအဖြစ်ပါဝင်လာလို့ သူတို့အသင်းအတွက် ပွဲစဉ်တိုင်းရုန်းကန်ရပါလိမ့်မယ်။ ပီရူးအသင်းက ခြေစမ်းပွဲတွေမှာ ရလဒ်ကောင်းတွေရရှိခဲ့တယ်ဆိုပေမယ့် အသင်းတိုက်စစ်ပိုင်းမှာတော့ လိုအပ်ချက်တွေရှိနေလို့ ခံစစ်ပိုင်းမာကျောမှုရှိတဲ့ ချီလီအသင်းခံစစ်ပိုင်းကို ကျော်ဖြတ်ဖို့ခက်ခဲမှာပါ။

ချီလီအသင်းကတော့ ဥရောပအခြေစိုက်ကလပ်အသင်းတချို့မှာပါဝင်တဲ့ ကစားသမားတွေနဲ့စုဖွဲ့လာလို့ ကစားသမားအင်အားပိုင်းမှာတော့ ပီရူးအသင်းထက် အနည်းငယ်အသာစီးရရှိနေပါတယ်။ ချီလီအသင်းရဲ့တိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ထက်မြက်မှုရှိနေတာကြောင့် ပီရူးအသင်းခံစစ်ကို အကောင်းဆုံးဖိအားပေးနိုင်စွမ်းရှိလို့ အခုပွဲစဉ်မှာ ချီလီအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- ပီရူး ၀ - ၂ ချီလီ

*Ref;Sports Mole*

---

မန်ချက်စတာ၊ ဩဂုတ်

## မန်ယူအသင်းက ဘိုလော့ဂ်နာအသင်း တိုက်စစ်မှူး ဇက်ဇီကိုဒေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေ

မန်ယူအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့မစတင်မီ ဘိုလော့ဂ်နာအသင်း တိုက်စစ်မှူး ဇက်ဇီကိုဒေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အပြောင်းအလဲကြီးကြီးမားမားလုပ်ဆောင်ရန် ပြင်ဆင်နေသည့် မန်ယူအသင်းသည် အသင်းတိုက်စစ်ပိုင်းတွင် လိုအပ်ချက်များရှိနေသည့်အတွက် ကစားသမားသစ်များဖြင့် အင်အားဖြည့်တင်းရန်ပြင်ဆင်နေပြီး ဇက်ဇီကိုဒေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်အရွယ် ဇက်ဇီသည် ၂၀၂၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ဘိုလော့ဂ်နာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ဘိုလော့ဂ်နာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၃၇ ပွဲအထိပါဝင်ကစားခွင့်ရရှိခဲ့ပြီး ၁၂ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်ထားနိုင်သည့်အတွက် မန်ယူအသင်းက တခြားအသင်းများထက် လက်ဦးမှုရယူနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။ *Ref;Sky Sports*

---

ဘာလင်၊ ဩဂုတ်

## အနာဂတ်နှင့်ပတ်သက်ပြီး ယူရို ၂၀၂၄ ပြိုင်ပွဲပြီးမှသာ ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းမှ ကင်မစ်ချ်ပြောကြား

ဘိုင်ယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမား ကင်မစ်ချ်က ဂျာမနီအသင်းနှင့်အတူ ယူရို ၂၀၂၄ ပြိုင်ပွဲအတွက် အပြည့်အဝအာရုံစိုက်ထားသောကြောင့် အနာဂတ်နှင့်ပတ်သက်ပြီး ယူရို ၂၀၂၄ ပြိုင်ပွဲပြီးမှသာ ဆွေးနွေးမှုများပြုလုပ်ပြီး ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၂၉ နှစ်အရွယ် ကင်မစ်ချ်သည် ၂၀၁၅ ခုနှစ်က စတုဂတ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ လက်ရှိ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ အကောင်းဆုံး ကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်သည်။



ကင်မစ်ချ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏စာချုပ်သက်တမ်းမှာ ၂၀၂၅ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် အသင်းနှင့်စာချုပ်သက်တမ်း တစ်နှစ်သာကျန်ရှိတော့ပြီး လက်ရှိအချိန်ထိ ဘိုင်ယန်မြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုမရှိသေးသဖြင့် အနာဂတ်မရေမရာဖြစ်နေသည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကို ကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်ရန် စီစဉ်ထားပြီး ကင်မစ်ချ်ကိုလည်း သင့်လျော်သည့်ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်နေသည်။

ကင်မစ်ချ်က "ကျွန်တော်နဲ့အသင်းစာချုပ်သက်တမ်းက ၂၀၂၅ ခုနှစ်အထိရှိနေပါသေးတယ်။ အသင်းမှာဆက်ရှိ၊ မရှိက ကျွန်တော့်ပေါ်မှာ မူတည်မနေပါဘူး။ အသင်းပေါ်မှာပဲ မူတည်ပါတယ်။ လောလောဆယ်တော့ ကျွန်တော် ဂျာမနီအသင်းနဲ့အတူ ယူရိုပြိုင်ပွဲမှာ အောင်မြင်မှုရယူဖို့ပဲ အာရုံစိုက်ထားပါတယ်"ဟုပြောသည်။ *Ref;Bild*

နေပြည်တော်  ဇွန်  ၂၀

# ကုန်သွယ်ရေးတင်းမာလာမှုကြောင့် ဥရောပမှတင်သွင်းလာသည့်ဝက်သားများအား ဈေးလျှော့ရောင်းချခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ စတင်စစ်ဆေး

တရုတ်နိုင်ငံမှတင်ပို့သည့် မော်တော်ယာဉ်များအပေါ် ဘရပ်ဆဲလ်မှ အခွန်နှုန်း တိုးမြှင့်လိုက်ပြီးနောက်နေ့တွင် ဥရောပသမဂ္ဂမှ တင်သွင်းလာသည့် ဝက်သားအချို့အပေါ် ဈေးလျှော့ရောင်းချမှုနှင့်ပတ်သက်၍ စစ်ဆေး စုံစမ်းမှုများကို ပေကျင်းကစတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဥရောပမှ တင်သွင်းလာသည့်ဝက်သားနှင့် ဝက်ကလီစာ၊ ဝက်ဆီ၊ ဝက်အူ၊ ဝက်သည်းခြေနှင့် ဝက်အစာအိမ် အစရှိသည်တို့ကို စုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန်လ ၁၇ ရက်တွင် ကြေညာခဲ့ကြောင်း၊ အဆိုပါစုံစမ်းစစ်ဆေးမှုကို ၁၂ လအတွင်း ပြီးဆုံးရန် မျှော်မှန်းထားသော်လည်း နောက်ထပ် ၆ လသက်တမ်းတိုးနိုင်ခြေရှိသည်ဟု ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ဥရောပမှ ဝက်သားများအား စုံစမ်းစစ်ဆေးခြင်းမှာ တရုတ်နိုင်ငံထုတ် လျှပ်စစ်မော်တော်ယာဉ်များအပေါ် အခွန်ကောက်ခံနှုန်းကို EU မှ မကြာသေးမီက တိုးမြှင့်ခဲ့မှုအပေါ် တုံ့ပြန်လိုက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံရှိ ဥရောပကုန်သည်ကြီးများအသင်းက ပြောကြားသည်။

ယခုကဲ့သို့စုံစမ်းစစ်ဆေးခြင်းမှာ ပြည်တွင်းလုပ်ငန်းအုပ်စုတစ်ခုဖြစ်သော တရုတ်နိုင်ငံတိရစ္ဆာန်နှင့်စိုက်ပျိုးရေးအသင်း၏တရားဝင်တိုင်ကြားချက်အရ ပထမဆုံးအကြိမ် စတင်စစ်ဆေးခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြန်လည်ပြောကြားသည်။ ၎င်းတို့၏ တိုင်ကြားချက်တွင် တရုတ်နိုင်ငံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ ဥပဒေများအရ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည်ဟု စုံစမ်းစစ်ဆေးမှုအာဏာပိုင်များက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။

ဥရောပ၏ဝက်သားလုပ်ငန်းမှာ ထုတ်လုပ်နိုင်စွမ်းထက်ပိုမိုထုတ်လုပ်နေပြီး အထောက်အပံ့ပေးမှုအများအပြားရရှိနေခြင်းကြောင့် တရုတ်နိုင်ငံ၏ ပြည်တွင်းဝက်သားလုပ်ငန်းအပေါ် သက်ရောက်မှုများဖြစ်ပေါ်စေခဲ့ကြောင်း တိုင်ကြားမှုတွင်ဖော်ပြထားကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ အနောက်နိုင်ငံများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းများက တရုတ်နိုင်ငံ၏ လျှပ်စစ်မော်တော်ယာဉ်များနှင့် ဆိုလာတင်ပို့မှုများအပေါ် အခွန်အခများတိုးမြှင့်ချမှတ်ခဲ့ခြင်းကို ထင်ဟပ်စေသည့် အရေးအသားများကို တရုတ်နိုင်ငံ တိရစ္ဆာန်နှင့်စိုက်ပျိုးရေးအသင်း၏ တရားဝင်တိုင်ကြားချက်တွင် တွေ့ရှိရသည်။

တရုတ်နိုင်ငံမှ ယာဉ်များတင်သွင်းမှုအပေါ် အထောက်အပံ့ပေးမှု တန်ပြန်အခွန်အား ၃၈ ရာခိုင်နှုန်းအထိ ထပ်မံကောက်ခံရန်နှင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဥရောပကော်မရှင်မှ ပြီးခဲ့သည့်ရက်သတ္တပတ်က ကြေညာခဲ့သည်။ ပြီးခဲ့သည့် မေလက အမေရိကန်နိုင်ငံသည် တရုတ်လျှပ်စစ်ယာဉ်များ တင်သွင်းမှုအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းအထိချမှတ်ခဲ့ရာ ယင်းသည် ယခင် ၂၅ ရာခိုင်နှုန်းကောက်ခံနေရာမှ တိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း၊ တရုတ်ဆိုလာဆဲလ် တင်သွင်းမှုအခွန်မှာလည်း ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ နှစ်ဆမြင့်တက်ခဲ့ပြီး တရုတ်သံမဏိနှင့် အလူမီနီယံများမှာ ၃ ဆအထိ မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဥရောပ၏ဆောင်ရွက်မှုအပေါ် ပေကျင်းမှ ဝေဖန်ခဲ့ပြီး ပေကျင်းအနေဖြင့် ၎င်း၏ ကုန်သွယ်ရေးအကျိုးအမြတ်များ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နည်းဥပဒေများနှင့် ဈေးကွက် စည်းမျဉ်းစည်းကမ်းများကို ကာကွယ်ရန်အတွက် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တရုတ်ဈေးကွက်သည် ကမ္ဘာ့အကြီးဆုံးဈေးကွက်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ရာ ဥရောပဝက်သားအပေါ် စုံစမ်းစစ်ဆေးရန် ကြေညာချက်ထုတ်ပြန်လိုက်ခြင်းမှာ ဥရောပဝက်သားလုပ်ငန်း၏ စိုးရိမ်ပူပန်မှုများအား အစပျိုးပေးလိုက်ခြင်းပင်ဖြစ်သည်။ အကယ်၍ တရုတ်နိုင်ငံအနေဖြင့် ဥရောပမှ အသားတင်သွင်းမှုများအား ကန့်သတ်လိုက်မည်ဆိုပါက ၎င်း၏လုပ်ငန်းများမှာအထိအနာဆုံးဖြစ်မည်ဟု Danish Agriculture and Food Council က ရိုက်တာသတင်းဌာနသို့ပြောကြားခဲ့သည်။ အလားတူ တရုတ်နိုင်ငံသို့ ဥရောပ၏ဝက်သားအများဆုံးတင်ပို့နေသည့် စပိန်နိုင်ငံသည် ယခုကိစ္စရပ်နှင့်စပ်လျဉ်းပြီး အခွန်ကြောင့် ထိခိုက်မှုများမှ ရှောင်လွှဲနိုင်ရန် အဖြေတစ်ခုအားဆောလျင်စွာ ရှာဖွေဖော်ထုတ်သွားရန် ဥရောပသမဂ္ဂမှ တာဝန်ရှိသူများအား တိုက်တွန်းပြောကြားထားကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော်  ဇွန်  ၂၀

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၁၈ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ကျိုက်မရောမြို့နယ်၊ ကျွန်းကုန်းကျေးရွာအနီး၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Star Oil ကြယ်အမှတ်တံဆိပ် ဟင်းရွက်ဆီ(၁၈)လီတာပါ (၁၇၀၀) ပုံးအပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၁၈ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) ပူးပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် စက်သုံးဆီပရီမီယမ်ဒီဇယ်ဆီ ဂါလန် (၆၉၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၃၅၄၀၀)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Toyoace Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကိုလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ (၆၄၄)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၅၃၀၄၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Howo Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၈၈၈၄၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇွန်လ ၁၈ ရက်**တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းခတ်မှုန့် (၄၃၂)ထုပ်၊ Lithium Battery (၁၀၀)လုံး အပါအဝင် ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဇွန်လ ၁၉ ရက်**တွင် တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၃ ဒသမ ဝ၃၈)တန်၊ သစ်မာ (၁ ဒသမ ၁၈၂)တန်၊ အခြားသစ် (သုည ဒသမ ၆၃၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၀၂၁၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၄၇၀၂၁၈)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၁၉ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်း၊ ကျိုင်းဖောင်းရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည်(၁၇၂၀၀) ပုလင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၂၀ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုအနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇွန်လ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၉၁၈၆၅၈)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။ **(သတင်းစဉ်)**

---

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နေပြည်တော် ဇွန် ၂၀

# တပ်ကုန်းမြို့နယ်အတွင်း ပြည်သူ့စစ်(ဌာနေ)အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ၏ဆောင်ရွက်မှုနှင့် လိုအပ်သောအုပ်ချုပ်ထောက်ပံ့မှုများ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ကွင်းဆင်းဆောင်ရွက်

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တပ်ကုန်းမြို့နယ်အတွင်း ပြည်သူ့စစ်(ဌာနေ)များ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သောအုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းတို့က ပြည်သူ့စစ်(ဌာနေ)အဖွဲ့နှင့် ပြည်သူ့လုံခြုံရေးအဖွဲ့များအတွက် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဖြေကြားကြပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့နှင့် ပြည်သူ့လုံခြုံရေးအဖွဲ့များ၊ ကျေးရွာတာဝန်ရှိသူများက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များသည် တပ်ကုန်းမြို့ အနော်ရထာရပ်ကွက် မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဦးစီးပဓာနနာယက မြို့နယ်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒာသီရိ သက်တော်ရှည်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၅၀၀)

နေပြည်တော် ဇွန် ၂၀

# ဆီဆိုင်မြို့နယ်တွင် တပ်မတော်နှင့် PNO အဖွဲ့က စစ်အသုံးစရိတ်ဟုဆိုကာ တစ်အိမ်လျှင် ၅ သိန်းကျပ်မှ ၈ သိန်းကျပ်အထိ လိုက်လံကောက်ခံနေဟု သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ




ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်တွင် တပ်မတော်နှင့် PNO အဖွဲ့တို့က ဇွန်လ ၁၇ ရက်နေ့တွင် စစ်အသုံးစရိတ်ဟုဆိုကာ တစ်အိမ်လျှင် ၅ သိန်းကျပ်မှ ၈ သိန်းကျပ်အထိ လိုက်လံကောက်ခံနေကြောင်း မှန်ကန်မှုမရှိသောသတင်းများကို လူမှုကွန်ရက်ပေါ်တွင်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် PNO အဖွဲ့မှတာဝန်ရှိသူတစ်ဦးတို့၏ ပြောကြားချက်အရ ဆီဆိုင်မြို့နယ်အတွင်း မည်သည့်ငွေကြေးမျှကောက်ခံခြင်းမရှိဘဲ လုပ်ကြံရေးသားထားသောသတင်းအမှားသာဖြစ်ကြောင်း၊ ဆီဆိုင်မြို့နယ်အတွင်း ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို ထုတ်လွှင့်ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရပါသည်။ (၁၀၀)

### ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၆-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၀ | ၂၆၅၅ | ၂၆၃၅ | ၂၅၉၀ | ၂၆၆၀ | ၂၆၇၀ | ၂၆၈၀ | ၂၆၄၀ | ၂၇၇၀ | ၂၈၀၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၅ | ၂၆၈၅ | ၂၆၉၅ | ၃၁၀၅ | ၃၇၀၀ |
| 95 Ron | ၂၇၁၅ | ၂၇၉၅ | ၂၇၇၀ | ၂၇၂၅ | ၂၇၉၅ | ၂၈၀၅ | ၂၈၂၀ | ၂၇၇၅ | ၂၉၀၅ | ၂၉၃၅ | ၂၇၈၀ | ၂၇၉၅ | ၂၈၃၀ | ၂၈၂၀ | ၂၈၃၀ | ၃၂၄၀ | ၃၈၅၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၅၀၀ | ၂၄၇၅ | ၂၄၃၀ | ၂၅၀၀ | ၂၅၁၅ | ၂၅၂၅ | ၂၄၈၀ | ၂၆၁၀ | ၂၆၄၀ | ၂၄၉၀ | ၂၅၀၅ | ၂၅၃၅ | ၂၅၂၅ | ၂၅၃၅ | ၂၉၄၅ | ၃၈၀၀ |
| HSD (50 ppm) | ၂၈၅၀ | ၂၉၃၀ | ၂၉၀၅ | ၂၈၆၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၅၅ | ၂၉၁၀ | ၃၀၄၀ | ၃၀၇၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၆၅ | ၂၉၅၅ | ၂၉၆၅ | ၃၃၇၅ | ၃၈၀၀ |
| HSD (10 ppm) | ၂၈၅၀ | ၂၉၃၀ | ၂၉၀၅ | ၂၈၆၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၅၅ | ၂၉၁၀ | ၃၀၄၀ | ၃၀၇၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၆၅ | ၂၉၅၅ | ၂၉၆၅ | ၃၃၇၅ | ၃၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၇ | ၂၅၁၉ |
| 95 Ron | ၂၅၆၉ | ၂၆၅၄ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၇၀၀ | ၂၇၈၄ |
| HSD (10 ppm) | ၂၇၀၀ | ၂၇၈၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကျောဖုံးမှအဆက်

(၇၄- ၈၀)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး (၆၂-၆၇)ကီလိုတန်းပြိုင်ပွဲ၊ (၆၇- ၇၃)ကီလိုတန်းပြိုင်ပွဲ၊ (၄၆-၄၉)ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်များကိုယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသားအတိုက် ကီလိုတန်းအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (၅၄-၅၈)ကီလိုတန်းပြိုင်ပွဲတွင် ဇော်ဝဏ္ဏထွန်း(ကချင်)က ဇော်ထက်(ကယား)ကိုလည်းကောင်း၊ ရှိုင်းရဝေဖြိုး(ဧရာဝတီ)က စွမ်းနောင် (ရန်ကုန်)ကိုလည်းကောင်း၊ (၆၃-၆၈) ကီလိုတန်းပြိုင်ပွဲတွင် လွင်မျိုးခန့် (တနင်္သာရီ)က သူရစိုး(မန္တလေး) ကိုလည်းကောင်း၊ အောင်ကိုကိုပြည့် (ရန်ကုန်)က ဟိန်းယံထွန်း(ရှမ်း) ကိုလည်းကောင်း၊ (၇၄-၈၀)ကီလိုတန်းပြိုင် ပွဲတွင် အောင်ဖြိုးကျော်(စစ်ကိုင်း)က သူရလင်းသစ်(ပဲခူး)ကိုလည်းကောင်း၊ ကြယ်စင်လင်း(နေပြည်တော်)က ထက်အာကာ(ရန်ကုန်) ကိုလည်းကောင်း၊ အမျိုးသမီးအတိုက်ကီလိုတန်းအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (၄၆-၄၉)ကီလိုတန်းပြိုင်ပွဲတွင် ဆောင်းဂျွန်ဖြိုး(ရန်ကုန်)က ဆောင်းကြာဖြူ(ကယား)ကိုလည်းကောင်း၊ ဆုလေပြေထွန်း(ရှမ်း)က ဆောင်းနှင်းထက်(စစ်ကိုင်း)ကိုလည်းကောင်း၊ (၆၂-၆၇)ကီလိုတန်းပြိုင်ပွဲတွင် ရေဗက္ကာနှင်း(ရန်ကုန်)က အေးအေးခိုင်(မန္တလေး)ကိုလည်းကောင်း၊ သဥ္ဇာဝတ်ရည်(ဧရာဝတီ)က နန်းခင်ကြာဖြူခိုင်(ရှမ်း)ကိုလည်းကောင်း၊ (၆၇-၇၃) ကီလိုတန်းပြိုင်ပွဲတွင် ဆုသစ္စာအောင်(ရန်ကုန်) က ချယ်ရီကိုကို (မန္တလေး)ကိုလည်းကောင်း၊ ငုဝါခိုင်(ဧရာဝတီ)က ဇင်ပြည့်စုံ(နေပြည်တော်) ကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ထို့နောက် အမျိုးသားအတိုက်ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များအဖြစ် (၆၃-၆၈) ကီလိုပြိုင်ပွဲတွင် လွင်မျိုးခန့်(တနင်္သာရီ)က ပထမ၊ အောင်ကိုကိုပြည့်(ရန်ကုန်)က ဒုတိယ၊ သူရစိုး(မန္တလေး)နှင့် ဟိန်းယံထွန်း(ရှမ်း) တို့က တတိယ၊ (၇၄-၈၀) ကီလိုတန်းပြိုင်ပွဲတွင် အောင်ဖြိုးကျော်(စစ်ကိုင်း)က ပထမ၊ ကြယ်စင်လင်း(နေပြည်တော်)က ဒုတိယ၊ သူရလင်းသစ်(ပဲခူး)နှင့် ထက်အာကာ(ရန်ကုန်) တို့က တတိယ၊ အမျိုးသမီးအတိုက်ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များအဖြစ် (၄၆-၄၉)ကီလိုတန်းပြိုင်ပွဲတွင် ဆောင်းဂျွန်ဖြိုး(ရန်ကုန်)က ပထမ၊ ဆုလေပြေထွန်း(ရှမ်း) က ဒုတိယ၊ ဆောင်းကြာဖြူ(ကယား)နှင့် ဆောင်းနှင်းထက် (စစ်ကိုင်း)တို့က တတိယ၊ (၆၂- ၆၇)ကီလိုတန်းပြိုင်ပွဲတွင် ရေဗက္ကာနှင်း(ရန်ကုန်)က ပထမ၊ သဥ္ဇာဝတ်ရည်(ဧရာဝတီ) က ဒုတိယ၊ အေးအေးခိုင်(မန္တလေး)နှင့် နန်းခင်ကြာဖြူခိုင်(ရှမ်း)တို့က တတိယ၊ (၆၇-၇၃)ကီလိုတန်းပြိုင်ပွဲတွင် ဆုသစ္စာအောင်(ရန်ကုန်)က ပထမ၊ ငုဝါခိုင်(ဧရာဝတီ) က ဒုတိယ၊ ချယ်ရီကိုကို(မန္တလေး)နှင့် ဇင်ပြည့်စုံ(နေပြည်တော်)တို့က တတိယ အသီးသီးရရှိခဲ့သည်။

၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်**(ယနေ့)** နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ပြည်နယ်နှင့်တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး)တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအား ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **ကျော်လွင်(မြဝတီ)**

နေပြည်တော် ဇွန် ၂၀

# မတ္တရာမြို့နယ်၊ ပြည်သာအေးကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန်လ ၁၈ ရက်နေ့တွင် ပြည်သာအေးကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ မတ္တရာမြို့နယ်၊ ပြည်သာအေးကျေးရွာအနီးတွင် အကြမ်းဖက်သမားများ ခိုအောင်းရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ပြည်သာအေးကျေးရွာအနီးသို့ ရောက်ရှိစဉ် အကြမ်းဖက်သမားများက စတင်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများထိခိုက်သေဆုံးမှုရှိခဲ့ပြီး ကျေးရွာအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ပါသည်။ ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း အကြမ်းဖက်သမားများ အကာအကွယ်ယူပစ်ခတ်ခဲ့သည့် လူနေအိမ်အချို့အား ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ လက်လုပ်စိန်ပြောင်း ၂ လက်၊ လက်လုပ်မိုင်း ၆ လုံး၊ လက်လုပ်ဗုံးသီး ၅ လုံးနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိသည့်နေရာနှင့် အနီးဝန်းကျင်နေရာများတွင် လုပ်ကြံသတင်းများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
AIBA
2016
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
ဒဂုံ
MALTA FRESH
Fresh
LEMON
Lemon Barley Sparkling
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


တစ်သက်တာလုံးကြံ့ခိုင်ဖို့
ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
RHINO
သုံးကြစို့....
ပင်ရင်းအရောင်းဌာန- ဖုန်း – ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO CEMENT
RHINO
PORTLAND CEMENT
OPC-BS-12-1996
STRENGTH CLASS 42.5 N
PRODUCT OF MEC
EXPORT QUALITY
PREMIUM QUALITY CEMENT

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက်ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး(အမျိုးသား/အမျိုးသမီး) တိုက်ကွမ်ဒိုပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၂၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ကျင်းပခဲ့သည်။

ယနေ့တိုက်ကွမ်ဒို (အမျိုးသား/အမျိုးသမီး)အတိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၅၄-၅၈)ကီလိုတန်းပြိုင်ပွဲ၊ (၆၃-၆၈)ကီလိုတန်းပြိုင်ပွဲ၊ **စာမျက်နှာ ၃၀ ကော်လံ ၄ သို့**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



# ကုန်သွယ်ရေးတင်းမာလာမှုကြောင့် ဥရောပမှတင်သွင်းလာသည့် ဝက်သားများအား ဈေးလျှော့ရောင်းချခြင်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံမှစတင်စစ်ဆေး

စာ - ၂၉ သို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar